(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** **နိုင်ငံခြားရေးဝန်ကြီးဌာန**တွင် နိုင်ငံကြီး ထောက်ခံချက် ပြုလုပ်ပေးရမှု နည်းပါးခြင်း၊ မဲခေါင်-လန်ချန်းစီမံကိန်းအား အပြည့်အဝ အကောင်အထည်ဖော်နိုင်မှု မရှိခြင်းကြောင့် ပြည်ပအကူအညီရငွေ လျော့နည်းရရှိခြင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအတွက် ထောက်ခံချက် ပြုလုပ်ပေးရမှု နည်းပါးခြင်း၊ **ပြည်ထဲရေးဝန်ကြီးဌာန**တွင် COVID-19 ကာကွယ် ထိန်းချုပ်ရေးအတွက် ပြည်ပထွက်ခွာသူဦးရေ လျော့နည်းသွားပါသဖြင့် သာမန် နိုင်ငံကူးလက်မှတ်ရောင်းရငွေနှင့် ဒဏ်ကြေးရငွေများ လျော့နည်းရရှိခဲ့ခြင်း၊ မီးဘေးလုံခြုံရေးအတွက် အထပ်မြင့်အဆောက်အဦများ စစ်ဆေးခရငွေများမှ လျော့နည်းရရှိခြင်း၊ **ကာကွယ်ရေးဝန်ကြီးဌာန**တွင် အရာရှိသုံးပစ္စည်းဆိုင်များမှ ပစ္စည်းရောင်းချရမှုနည်းပါးခြင်း၊ မြေနှင့် အဆောက်အဦငှားရမ်းခများ လျော့နည်းရရှိခြင်း၊ မဂ္ဂဇင်း/ စာစောင်များ ဖြန့်ဝေရောင်းချမှု လျော့နည်းခြင်း၊ ကြော်ငြာခရငွေများ လျော့နည်းခြင်း၊ **နယ်စပ်ရေးရာဝန်ကြီးဌာန**တွင် အိန္ဒိယ နိုင်ငံမှရရှိမည့် ပြည်ပအကူအညီရငွေများကို တတိယ(၃)လပတ်တွင် လျာထား

ခဲ့သော်လည်း ဒုတိယ(၃)လပတ်တွင် ရရှိခဲ့သည့်အတွက် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ အိန္ဒိယနိုင်ငံအစိုးရမှ အတည်ပြုပေးသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပြီးဖြစ်ခြင်း၊ အရစ်ကျအပ်ချုပ်စက်ရောင်းချမှု နည်းပါးခြင်း၊ **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**တွင် ကျမ်းစာအုပ်ရောင်းချမှုနည်းပါးခြင်း၊ ပုံနှိပ်ချုပ်ခရငွေ၊ အိမ်ခန်းငှားရမ်းခရငွေ၊ တင်ဒါပုံစံရောင်းရငွေများ၊ ပန်းချီပြခန်းငှားရမ်းခများ၊ အနုပညာကွန်ပျူတာ ဒီပလိုမာသင်တန်းကြေး အချိုးကျရငွေများ၊ COVID-19 ကြောင့် ဇုန်ဝင်ကြေးနှင့် ပြတိုက်ဝင်ကြေးများ လျော့နည်းရရှိခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် ရတနာ၊ ဇော်တိကနှင့် ရွှေစိမ်းကိန်းများမှ သဘာဝဓာတ်ငွေ့အတွက်နှုန်း ကျဆင်းခြင်း၊ well Head Price ဈေးနှုန်းလျော့နည်းခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ကျဆင်းခြင်းတို့ကြောင့် လျော့နည်းခြင်း၊ **အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**တွင် ဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများတွင် ကောက်ခံရရှိသော နယ်စပ်ဖြတ်သန်းခများမှ ဒေသဖွံ့ဖြိုးရေးအတွက် သုံးစွဲနိုင်ရန် နယ်စပ်ဖြတ်သန်းခရငွေ၏ (၁၀)ရာခိုင်နှုန်းကို သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့သို့ နုတ်(၅၀)။ ပြန်ပေးငွေများအတွက် လွှဲပြောင်းပေးရခြင်း၊ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ (၂၈-၃-၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၄၇/၀၃/၂၀၂၀ (၁၈၁၀) ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားသားများအား ပြည်ဝင်ဗီဇာထုတ်ပေးခြင်း ယာယီရပ်ဆိုင်းကြောင်း ကြေငြာချက်ထုတ်ပြန်ခဲ့သဖြင့် ၃/၂၀၂၀ လမှစ၍ ပြည်ဝင်ဗီဇာများဖြစ်သည့် သံရုံးဗီဇာ၊ e-visa နှင့် ဆိုက်ရောက်ဗီဇာခများ ကောက်ခံရရှိမှု မရှိခြင်း၊ နေထိုင်ခွင့်၊ ရက်ကျော်နေထိုင်ခွင့် ဆောင်ရွက်ခများနှင့် နိုင်ငံခြားသားမှတ်ပုံတင် ဆောင်ရွက်ခများသာ ကောက်ခံရရှိခြင်း၊ **ပညာရေးဝန်ကြီးဌာန**တွင် ကျောင်းလခဝင်ကြေးများ၊ မှတ်ပုံတင်ကြေးနှင့် သင်တန်းကြေးများ လျော့နည်းရရှိခြင်း၊ COVID-19 ကာကွယ် ထိန်းချုပ်ကာလအတွင်းဖြစ်၍ UNICEF နှင့် World Bank တို့၏ အကူအညီဖြင့် ဆောင်ရွက်ရန် လျာထားခဲ့သည့် ပညာပေးသင်တန်းဆွေးနွေးပွဲများကို ကျင်းပနိုင်မှုမရှိသဖြင့် ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်း၊ **ကျန်းမာရေးနှင့်**

**အားကစားဝန်ကြီးဌာနတွင်** တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဆေးဆိုင်လိုင်စင်ကြေး ပေးသွင်းခြင်း၊ ဒဏ်ငွေများ၊ ငှားရမ်းခရငွေများအတွက် ခန့်မှန်းလျာထားသော်လည်း ခန့်မှန်းလျာထားချက်အတိုင်း မရရှိခြင်း၊ ပြည်သူ့ကျန်းမာရေးစီမံချက်များ ဆောင်ရွက်ရန် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် WHO, UNICEF, ADB စသည်တို့မှ ပြည်ပအကူအညီရငွေများ မရရှိသေးခြင်း၊ ကာကွယ်ဆေးထုတ်လုပ်ရောင်းချခြင်းကို COVID-19 ကာလအတွင်း ဆက်လက်ရောင်းချနိုင်ခြင်း မရှိခြင်း၊ **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတွင်** နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်ကဏ္ဍတို့မှ COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ၊ ဈေးဆိုင်ခန်းများ၊ လုပ်ငန်းများ ကျဆင်းခြင်း၊ အရက်၊ ဘီယာ၊ ဝိုင်၊ စီးကရက်စက်ရုံနှင့် ဆေးပေါ့လိပ်စက်ရုံများတွင် ကုန်ကြမ်းဝယ်ယူ၍ မရနိုင်ခြင်းကြောင့် ထုတ်လုပ်မှုလျော့နည်းခြင်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ကျောက်မျက်ရတနာ အရောင်းပြပွဲများ မကျင်းပနိုင်ခြင်း၊ ကျပ် ၁၀၀၀ တန်ထီ မရောင်းရထီများ ဖြစ်ပေါ်ခဲ့သည့်အတွက် လျော့နည်းရခြင်း၊ တန်ဖိုးဖြတ်သတ်မှတ်အခွန် လာရောက်ပေးဆောင်သူနည်းပါးခြင်း၊ ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် ၂ % ကောက်ခံခြင်းကို ကင်းလွတ်ခွင့်ပြုထားခြင်းတို့ကြောင့် လျော့နည်းခြင်း၊ တရားမဝင် လမ်းကြောင်းပေါ်ရှိ ရှောင်ကွင်းလမ်းများမှ ကုန်သွယ်မှုများအား အခါအားလျော်စွာ တားဆီးပိတ်ဆို့ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသော်လည်း စီမံချက်လျော့နည်းခြင်း၊ အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊ ကုန်သွယ်မှု ကျဆင်းခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်** COVID-19 ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်၍ ယာဉ်ဖြတ်သန်းမှု နည်းပါးနေခြင်းကြောင့် လမ်းအသုံးပြုခ ကောက်ခံရငွေများ လျော့နည်းခြင်း၊ မြေအသုံးချမှုပရီမီယံကြေး ဒုတိယအရစ်အတွက်လျာထားခဲ့သော်လည်း အခက်အခဲနှင့် ကြုံတွေ့နေရသဖြင့် ကြန့်ကြာနေခြင်း၊ စာချုပ်စည်းကမ်းအရ ပေးသွင်းရန်ကိစ္စရပ်နှင့် သက်ဆိုင်ရာ အထက်အဖွဲ့အစည်း အဆင့်ဆင့်ထံ တင်ပြ သဘောထား ရယူနေဆဲဖြစ်ခြင်း၊ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင်** COVID-19 ရောဂါကြောင့် သင်တန်းများ ရပ်ဆိုင်းထားရပါသဖြင့် ဆောင်ရွက်ပေးမှုရငွေမရရှိခြင်း၊

တင်ဒါဖောင် ရောင်းချရငွေများ လျော့နည်းခြင်း၊ UNICEF နှင့် UNFPA အဖွဲ့အစည်းများမှ တတိယ(၃) လပတ်တွင် ထောက်ပံ့မှု လျော့နည်းခြင်း၊ လူငယ်နှင့် ကလေးသူငယ် စောင့်ရှောက်ရေးလုပ်ငန်းနှင့် လူမှုကရုဏာ စောင့်ရှောက်ရေးလုပ်ငန်းများအတွက် တတိယ(၃)လပတ်တွင် ပြည်ပအဖွဲ့အစည်းများမှ ထောက်ပံ့ငွေလျော့နည်းခြင်း၊ **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**တွင် COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ(ရန်ကုန်)ကို (၂၄-၃-၂၀၂၀) ရက်နေ့မှစ၍ ခေတ္တပိတ်ထားခဲ့ရသည့်အတွက် ဝင်ကြေးနှင့် အခြားအခွန်အခများမှရငွေ မရရှိခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** **နယ်စပ်ရေးရာဝန်ကြီးဌာန**တွင် ထောက်ပံ့ငွေအသုံးစရိတ်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် တတိယ(၃)လပတ် လျာထားချက်၌ လျာထားခြင်းမရှိသော ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကိုးချိန်ကျေးရွာအုပ်စု၊ ကျောက်တစ်လုံး IDP စခန်း ပြောင်းရွှေ့တည်ဆောက်ရန် အရေးပေါ်ရန်ပုံငွေ ရရှိသုံးစွဲခြင်း၊ **ပြန်ကြားရေးဝန်ကြီးဌာန**တွင် သကြၤန်TV အစီစဉ်များနှင့် COVID-19 တေးသီချင်းထုတ်လုပ်ခြင်းအတွက် ငွေပေးချေခြင်း၊ မြန်မာ့ဂီတ၊ ကမ္ဘာ့ဂီတအစီစဉ်များ ထုတ်လုပ်စရိတ်များ ပေးချေခဲ့ခြင်း၊ တပေါင်းလပြည့်နေ့ ဆွမ်းဆန်တော်လောင်းလှူပွဲ အချိုးကျထည့်ဝင်လှူဒါန်းခြင်း၊ စက္ကူ၊ မင်၊ ပုံနှိပ်ရေး ပစ္စည်းများ ဝယ်ယူခြင်း၊ မဖြစ်မနေပြင်ဆင်ရန် လိုအပ်သည့် အဆောက်အဦပြင်ဆင်ခြင်းနှင့် စက်ကွဲခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**တွင် နှစ်တိုးခြားနားလစာများကြောင့် အနည်းငယ်ပိုမိုရခြင်း၊ ရုံးအသုံးအဆောင်ပစ္စည်းများ ဝယ်ယူခြင်း၊ ဓာတ်အားခများ ပိုမိုသုံးစွဲခြင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၏ ခရီးစဉ်များအတွက် စက်သုံးဆီဝယ်ယူခြင်း၊ အင်ဂျင်ဝိုင်လဲလှယ်ခြင်း၊ ဝန်ထမ်းကြိုပို့ယာဉ်များအတွက် ဒီဇယ်ဆီ၊ အောက်တိန်းဆီဝယ်ယူခဲ့ခြင်း။ အရန်ရိက္ခာ ဆန်နှင့် ဆီ ဝယ်ယူရန် အထွေထွေပိုလျှံရန်ပုံငွေ (GRF) မှ လွှဲပြောင်းသုံးစွဲခြင်း၊ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**တွင် ဝန်ထမ်းများပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်း၊ လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းသုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ မော်တော်ယာဉ် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ပိုမိုသုံးစွဲခဲ့ခြင်း။ အရေးပေါ်ရန်ပုံငွေအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ COVID-19 အတွက် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရန် လွှဲပြောင်း

ပေးရခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ခြင်းစီမံချက်အတွက် JICA မှ လုပ်ငန်းသုံးပစ္စည်းများ ပေးပို့လာပါသဖြင့် စာရင်းတင်ဖော်ပြခြင်း၊ **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတွင်** ဌာနတွင်း ရာထူးတိုးမြှင့်ခန့်ထားခြင်း၊ ပင်စင်လစာငွေများနှင့် ဆုငွေများအသုံးစရိတ်မှာ မူလလျာထားချက်ဖြင့် လုံလောက်မှု မရှိပါသောကြောင့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** **နိုင်ငံခြားရေးဝန်ကြီးဌာနတွင်** ဝန်ထမ်းအင်အား အပြည့်အဝခန့်ထားနိုင်မှု မရှိခြင်း၊ အချို့သံရုံးများတွင် ဒေသခန့်ဝန်ထမ်းများ ထပ်မံခန့်ရန် ကျန်ရှိခြင်း၊ အချိန်ပိုလုပ်အားခပေးရမှု နည်းပါးခြင်း၊ ကိုဗစ်ကာလအတွင်း အစည်းအဝေးများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကျင်းပစေခြင်းကြောင့် ဝန်ထမ်းများ ခရီးသွားလာမှု မရှိခြင်းနှင့် ဝန်ထမ်းများ အပြောင်းအရွှေ့နည်းပါးခြင်း၊ ကိုဗစ်ကာလတွင် ကညနရုံးများ ပိတ်ထားပါသဖြင့် လုပ်ငန်းသုံးမော်တော်ယာဉ်များ လိုင်စင်သက်တမ်းတိုးဆောင်ရွက်နိုင်မှု မရှိခြင်း၊ ရုံးစာများအား Electronic System (MMRS) စနစ်ဖြင့် ပေးပို့ပြီး သံတမန်ချောအိတ်များ ပေးပို့ခြင်းများ ရပ်နားထားခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူမှုနည်းပါးခြင်း၊ မော်တော်ယာဉ်ပြင်ဆင်မှုများနှင့် နိုင်ငံတော်ပိုင်ရုံးအဆောက်အဦပြင်ဆင်မှုများ စိစစ်သုံးစွဲခြင်း၊ ကိုဗစ်ကာလအတွင်း ပြည်ပမှ နိုင်ငံခြားသားကိုယ်စားလှယ်များ လာရောက်တွေ့ဆုံခြင်း မရှိပါသဖြင့် လက်ဆောင်ပစ္စည်းပေးခြင်း မရှိသဖြင့် အသုံးစရိတ်များလျော့နည်းခြင်း၊ ကျောင်းများ ပိတ်ထားခြင်း၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကျင်းပစေခြင်း၊ **နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင်** ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ ပြည်တွင်းပြည်ပ ခရီးသွားလာမှု လျော့နည်းခြင်း၊ အခွန်အခ၊ ပုံနှိပ်ခနှင့် စာအုပ်စာတမ်းများ ထုတ်ဝေခြင်း အသုံးစရိတ်များ၊ သယ်ယူပို့ဆောင်စရိတ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် သင်တန်းတက်ရောက်သည့် သင်တန်းသားများ၏ အသုံးစရိတ်နှင့် အလှူဒါန ပြုလုပ်ခြင်း အသုံးစရိတ်များ၊ အစည်းအဝေးညှိခံစရိတ်နှင့် ဧည့်သည်ဧည့်ခံစရိတ်များမှာ ခန့်မှန်းသည်ထက် လျော့နည်းပေးချေရခြင်း၊ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင်** ပြည်တွင်းပြည်ပ ခရီးသွားလာမှု နည်းပါးခြင်း၊ စာကြည့်တိုက်များအတွက် စာအုပ်များ မဝယ်နိုင်ခြင်း၊ ရုံးသုံးစက်ကိရိယာများ၊ ဌာနပိုင်အဆောက်အဦများနှင့် မော်တော်ယာဉ်များ လျော့နည်းပြင်ဆင်ရခြင်း၊ ရဟန်းတော်များ အတွက် နဝကမ္မလှူဒါန်းငွေများ၊ ဘုရား၊ ကျောင်း၊ သိမ်စသည့်

သာသနိကအဆောက်အဦများအတွက် မျှော်မှန်းသလောက် မလှူဒါန်းနိုင်ခြင်း၊ အနုပညာအထက်တန်းကျောင်းများ ပိတ်ထားရသဖြင့် ပညာသင်စရိတ်များ မထုတ်ပေးရခြင်း၊ COVID-19 ကာလအတွင်း ဌာနဆိုင်ရာ အစည်းအဝေးပွဲများ မပြုလုပ်နိုင်ခြင်း၊ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**တွင် နိုင်ငံခြား အစည်းအဝေးနှင့် သင်တန်းတက်ရောက်မှု နည်းပါးခြင်း၊ ရုံးအသုံးအဆောင်ပစ္စည်း များနှင့် လုပ်ငန်းသုံးပစ္စည်းများ တင်ဒါခေါ်ဆို၍ စာချုပ်ချုပ်ဆိုပြီးဖြစ်သော်လည်း ပစ္စည်းလက်ခံရရှိမှု မရှိသေးသဖြင့် ငွေပေးချေနိုင်မှု မရှိသေးခြင်း၊ ရုံးလုပ်ငန်းများ ခေတ္တရပ်ဆိုင်းထားသည့်အတွက် ဖောင်းကြွနံပါတ်ပြားဖိုးများ လျော့နည်း ပေးချေရခြင်း၊ ဝန်ထမ်းများ ပင်စင်ယူခြင်းနှင့် နုတ်ထွက်ခြင်း၊ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**တွင် နိုင်ငံခြား ခရီးစဉ်များ မျှော်မှန်းထားသည်ထက် လျော့နည်းခြင်း၊ ဝန်ထမ်းများ ပြည်တွင်းနှင့် ပြည်ပရှိ သင်တန်းတက်ရောက်မှုများ လျော့နည်းခြင်း၊ COVID-19 ရောဂါကာလ အတွင်း မူလတန်းကြိုကျောင်းများ ပိတ်ထားသဖြင့် အစားအစာရိက္ခာများ ထုတ်ယူသုံးစွဲမှု မရှိခြင်း၊ ခေတ်ဆီ၊ စက်ဆီ၊ ချောဆီတွင် အုပ်ချုပ်မှုမော်တော်ယာဉ် များအား စိစစ်သုံးစွဲခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂) နှစ်အောက် ကလေးများ ထောက်ပံ့ရာတွင် လူဦးရေထပ်ခြင်း၊ သေဆုံးခြင်း၊ ပြောင်းရွှေ့သွားလာခြင်း၊ COVID-19 ကာလဖြစ်၍ သင်တန်းများ ဖွင့်လှစ်နိုင်မှုမရှိခြင်း၊ အသိအမှတ်ပြုဂေဟာများ စေတနာ့ဝန်ထမ်း အမျိုးသမီးများ၊ သက်မွေးသင်တန်းကျောင်းများ၊ မျက်မမြင်၊ နားမကြားဆွံ့အသူများအား COVID-19 ကာလဖြစ်၍ အသိအမှတ်ပြုတည်ထောင် ခွင့်ပြုမိန့်ထုတ်ပေးနိုင်မှု မရှိသေးခြင်း၊ လူငယ်နှင့် ကလေးသူငယ် စောင့်ရှောက်ရေးလုပ်ငန်းနှင့် လူမှုကရုဏာ စောင့်ရှောက်ရေးလုပ်ငန်းအတွက် ထောက်ပံ့မှု လျော့နည်းခြင်း၊ နိုင်ငံခြား အသင်းအဖွဲ့များသို့ ထည့်ဝင်ကြေး မသုံးစွဲရသေးခြင်းတို့ကြောင့် လျော့နည်း ရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်း ရငွေပိုင်းတွင် တတိယ (၃) လပတ်လျာထားချက် ကျပ် ၂၈,၀၅၀.၉၀၇ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၆,၈၈၄.၂၂၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၃၁.၄၉ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ (၃) လပတ် လျာထားချက် ကျပ် ၁,၂၀၄,၅၈၄.၅၆၁ သန်းဖြစ်ပြီးအကောင်အထည်ဖော်နိုင်မှုကျပ် ၁,၀၈၂,၀၃၄.၅၀၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၉.၈၃ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍

ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** **နိုင်ငံခြားရေးဝန်ကြီးဌာန**တွင် တာယာနှင့် ဘတ္ထရီဟောင်းများ ရောင်းချခဲ့ခြင်း၊ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**တွင် ပြုပြင်သုံးစွဲ၍ မရတော့သည့် ရုံးသုံးစက်ပစ္စည်းများ ရောင်းချရငွေများ ရရှိခြင်း၊ စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်းစီမံကိန်းအတွက် JICA မှ ထောက်ပံ့ငွေအား ဒုတိယ(၃)လပတ်တွင် ရရှိရန် လျာထားသော်လည်း တတိယ(၃)လပတ်မှ ရရှိခြင်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာဌာန ဆောက်လုပ်ရန်နှင့် ဆေးမားအူဒေါင်း ကျေးရွာစီမံကိန်းသစ်အတွက် KOICA မှ ထောက်ပံ့ငွေများ ရရှိခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်းစီမံကိန်းမှ မြန်မာနိုင်ငံ သမဝါယမအသင်းများရှိ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်မားရေးနှင့် စွမ်းရည်တည်ဆောက်ရေး အတွက် ထောက်ပံ့ငွေရရှိခြင်းနှင့် နယ်သာလန်နိုင်ငံ Agriterra အဖွဲ့မှ မြန်မာနိုင်ငံ သမဝါယမအသင်းများ၏ စိုက်ပျိုးရေးနှင့် သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့များ တတိယ(၃)လပတ်မှ ရရှိခြင်း၊ **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**တွင် UK နိုင်ငံ Department for International Development (DFID) အဖွဲ့အစည်းနှင့် ဆွစ်ဇာလန်နိုင်ငံ အစိုးရတို့၏ ထောက်ပံ့မှုအတွက် သက်ဆိုင်ရာ ငွေကြေးကိုင်တွယ်သုံးစွဲသည့် အဖွဲ့အစည်းများမှ တတိယ(၃)လပတ်တွင် အရ၊ အပေးစာရင်းတင်နိုင်ခြင်းနှင့် သိုလှောင်ရုံ၊ အဆောက်အဦများ ရောင်းချမှုမှ ရရှိခဲ့ခြင်း၊ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**တွင် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သော သက်ဆိုင်ရာ စီမံချက်များအတွက် MFTB မှ Bill များ ဒုတိယ(၃)လပတ်အတွင်း ရောက်ရှိနိုင်မည်ဟု လျာထားခဲ့သော်လည်း တတိယ(၃)လပတ်မှသာ ရောက်ရှိခဲ့ခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** **ပြည်ထဲရေးဝန်ကြီးဌာန**တွင် အဆောက်အဦအဟောင်းများ ရောင်းရငွေများသည် မျှော်မှန်းထားသည်ထက် လျော့နည်းရခြင်း၊ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**တွင် တိုက်ကြီးမြို့နယ် သာသနာရေးမှူးရုံးမှ ပျောက်ဆုံးသော မော်တော်ဆိုင်ကယ်တန်ဖိုး ပေးသွင်းငွေကျပ် ၀.၁၂၃ သန်းကို ပထမ(၃)လပတ်တွင် ရရှိခဲ့ခြင်းကြောင့် လျော့နည်းရခြင်း၊ **ပညာရေးဝန်ကြီးဌာန**တွင် နည်းပညာတက္ကသိုလ်များ အဆင့်မြှင့်တင်ခြင်း စီမံကိန်းအတွက် JICA မှ လှူဒါန်းသည့် အခြားရုံးသုံးပစ္စည်းများ၏ အသုံးစရိတ်

ရှင်းတမ်း တောင်းခံလာမှု မရှိသေးခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာန**တွင် KfW အထောက်အပံ့ဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းအချို့မှာ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ လုပ်ငန်း ပြီးသော်လည်း အသုံးစရိတ်ထုတ်ယူမှု မရှိသေးခြင်း၊ China AID မှ ထောက်ပံ့ပေးမှု မရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** **နိုင်ငံခြားရေးဝန်ကြီးဌာန**တွင် လုပ်ငန်းသစ်များ ခေါင်းစဉ်တွင် ကပ်ရောဂါကာလအတွင်း ရပ်ဆိုင်းထားသော လုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နေခြင်း၊ ရုံးသုံးယာဉ်များခေါင်းစဉ်တွင် ရုံးသုံးယာဉ်၊ အကြီးအကဲသုံးယာဉ်များအတွက် နိုင်ငံခြားငွေသုံးစွဲခွင့်များ ရရှိ၍ ကုမ္ပဏီများသို့ ငွေပေးချေခဲ့ခြင်း၊ အခြားရုံးသုံးပစ္စည်းများ ခေါင်းစဉ်တွင် မှာယူထားသောပစ္စည်းများ ရရှိခဲ့ပါသဖြင့် ငွေပေးချေခဲ့ခြင်း၊ **နယ်စပ်ရေးရာဝန်ကြီးဌာန**တွင် တည်ဆောက်ရေးလုပ်ငန်းများ အတွက် တတိယ(၃)လပတ်လျာထားချက်တွင် ၁၅% သာ လျာထားသော်လည်း အမှန်ပေးပို့သည့်အခါ ကျန်ရှိသည့် ၂၅% ငွေလွှဲပြောင်းပေးပို့ခဲ့ခြင်း၊ လုပ်ငန်းများ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် ရုံးများသို့ ရာနှုန်းပြည့် ငွေလွှဲပေးပို့ရခြင်း၊ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**တွင် တည်ဆောက်ရေးကဏ္ဍ၌ လုပ်ငန်း(၄၃)ခုရှိသည့်အနက် လုပ်ငန်း(၁၅)ခုပြီးစီးသဖြင့် လုပ်ငန်းပြီးစီးမှုအလိုက် ငွေပေးချေရခြင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တို့၌ အရာထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ စက်ပစ္စည်းများ ဝယ်ယူရန် တင်ဒါခေါ်ယူရာတွင် တင်ဒါအောင်မြင်သဖြင့် စက်ပစ္စည်းများအတွက် ငွေပေးချေရခြင်း၊ **သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**တွင် ဒုတိယ(၃)လပတ်တွင်လျာထားသည့် ဆောက်လုပ်ရေးအသုံးစရိတ်ဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်ရုံးသင်တန်းကျောင်း ဆောက်လုပ်ခြင်းနှင့် ချောက်မြို့နယ်၊ ရွှေပုံတောင် အထူးစိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိရေးလုပ်ငန်းများအတွက် အသုံးစရိတ်ကို တတိယ(၃)လပတ် အတွင်းမှသာ ခွင့်ပြုထုတ်ပေးနိုင်ခဲ့ခြင်း၊ ဝယ်ယူရန် ကျန်ရှိသည့်စက်ပစ္စည်းများကို တတိယ(၃)လပတ်အတွင်း ဝယ်ယူနိုင်ခဲ့ခြင်း၊ **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**တွင် ရုံးသုံးစက်ကိရိယာများ ဝယ်ယူခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် ပထမအရစ်(၂၀%) ပေးချေခြင်း၊ UK နိုင်ငံ Department for International Development (DFID) အဖွဲ့အစည်း ရန်ပုံငွေထောက်ပံ့မှုဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရန်နှင့် ဆွစ်ဇာလန်နိုင်ငံအစိုးရ အထောက်အပံ့ဖြင့် စီးပွားရေးချိတ်ဆက်မှုများ တိုးတက်

စေရန် ဥယျာဉ်ခြံစိုက်ပျိုးထောက်ပံ့နိုင်မှုစွမ်းရည်နှင့် ခရီးများဆက်စပ်လုပ်ငန်းများအား အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် သုံးစွဲခဲ့ခြင်း၊ **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**တွင် သင်တန်းကျောင်း (၁၈၅ ပေ x ၉၀ ပေ) သံကူကွန်ကရစ်လေးထပ် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပဋ္ဌမအရစ်ကို ပထမ(၆)လတွင် လျာထားခဲ့သော်လည်း ကုမ္ပဏီမှ တတိယ(၃) လပတ်တွင် ငွေတောင်းခံခဲ့ခြင်း၊ ဒုတိယ(၃)လပတ်တွင် ပေးချေရန်ကျန်ရှိသည့် တည်ဆောက်ရေးလုပ်ငန်း အသုံးစရိတ်များ၊ စက်ပစ္စည်းများ၊ အခြားအသုံးစရိတ်များအား တတိယ(၃)လပတ်တွင် ပေးချေခဲ့ခြင်း၊ မော်တော်ယာဉ်(၂)စီး အကြီးစား ပြင်ဆင်ရခြင်း၊ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**တွင် တည်ဆောက်ရေးလုပ်ငန်းများ၌ ပြီးစီးမှုရာခိုင်နှုန်းအလိုက် ငွေပေးချေခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ဝင်ငွေခွန်(၂%)ပေးချေခြင်း၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားရုံးသုံးပစ္စည်းများအား တတိယ(၃)လပတ်မှသာ ပစ္စည်းဝယ်ယူရေးကော်မတီ၏ စိစစ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရခြင်း၊ **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**တွင် မော်တော်ယာဉ်အကြီးစား ပြင်ဆင်ခဲ့ခြင်းနှင့် ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂပစ္စည်းများကို ဒုတိယ (၃)လပတ်အတွင်း ဝယ်ယူရန်လျာထားခဲ့သော်လည်း တင်ဒါလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်သောကြောင့် ငွေပေးချေနိုင်ခြင်းမရှိဘဲ တတိယ(၃)လပတ်အတွင်း၌သာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျှော့နည်းသုံးစွဲမှု။** **ပြည်ထဲရေးဝန်ကြီးဌာန**တွင် ဆောက်လုပ်ရေးလုပ်ငန်းနှင့် စက်ပစ္စည်းဝယ်ယူမှုလုပ်ငန်းများတွင် တင်ဒါခေါ်ယူ၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့် လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုပြီး တင်ဒါစည်းကမ်းအရ လုပ်ငန်းများ ရာခိုင်နှုန်းအလိုက် ပြီးစီးမှ ငွေပေးချေခြင်းနှင့် COVID-19 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် သုံးစွဲရန်အတွက် အထွေထွေပိုလျှံရန်ပုံငွေသို့ အပ်နှံခဲ့ခြင်း၊ **ပြန်ကြားရေးဝန်ကြီးဌာန**တွင် MRTV တပ်ကုန်း၌ အမှုထမ်းအိမ်ရာများ ဆောက်လုပ်ခဲ့ခြင်းနှင့် ကယားပြည်နယ် မော်ချီးရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတည်ဆောက်ခြင်းအတွက် ပထမအရစ်သာ ပေးချေခဲ့ပြီး COVID-19 ကာလဖြစ်သဖြင့် စက်ပစ္စည်းများ ရောက်ရှိမှုနည်းပါးသဖြင့် ငွေပေးချေနိုင်မှု မရှိခြင်း၊ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**တွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ဆောင်ရွက်လျက် ရှိသောလုပ်ငန်းများ ခေတ္တရပ်နားထားရသဖြင့် ပေးချေရမည့် ရာခိုင်နှုန်းအလိုက် အသုံးစရိတ်များ လျှော့နည်းပေးချေရခြင်း၊ **အလုပ်သမား၊**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ဆောက်လုပ်ရေး လုပ်ငန်းများအား တင်ဒါခေါ်ယူစိစစ်ပြီး လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက်သာ ငွေပေးချေရခြင်း၊ စက်ပစ္စည်းများ ဝယ်ယူရန် တင်ဒါခေါ်ယူပြီးဖြစ်သော်လည်း ပစ္စည်းများ လာရောက်ပေးပို့နိုင်ခြင်းမရှိသေးသဖြင့် ငွေမပေးချေရသေးခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ နှင့် စာချုပ်ချုပ်ဆို၍ လုပ်ငန်းဆောင်ရွက်နေဆဲကာလဖြစ်ခြင်း၊ နယ်မြေဒေသ ငြိမ်းချမ်းမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းနှင့် COVID-19 ကာကွယ် ထိန်းချုပ်ကုသရေးကြောင့် ကုမ္ပဏီများ ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက် နိုင်မှု မရှိခြင်းနှင့် စက်ပစ္စည်းများ တင်ဒါခေါ်ယူဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မှ အိမ်ရာများဝယ်ယူရန်၊ စက်ပစ္စည်းများဝယ်ယူရန် ဆောင်ရွက်နေဆဲကာလ ဖြစ်ခြင်း၊ လုပ်ငန်းပြီးစီးမှုအလိုက် ငွေပေးချေရခြင်း၊ သက်ဆိုင်ရာကုမ္ပဏီများမှ လုပ်ငန်းများ စတင်ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ တင်ဒါခေါ်ယူ ဆောင်ရွက်နေဆဲ ဖြစ်ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် တင်ဒါခေါ်ယူဆောင်ရွက်ရခြင်း၊ COVID-19 ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုများ နှောင့်နှေးခြင်း၊ KfW အထောက်အပံ့ဖြင့် ဆောင်ရွက် လျက်ရှိသော စီမံကိန်းလုပ်ငန်းအချို့မှာ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ အချို့မှာ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အသွားအလာများ ကန့်သတ် ပိတ်ပင်ထားသည့် ကာလဖြစ်နေခြင်းကြောင့် လုပ်ငန်းပြီးသော်လည်း ငွေထုတ် ယူရန် အခက်အခဲဖြစ်ပေါ်ခြင်း၊ China AID အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတွင် ရုံးသုံးစက်ကိရိယာများကို တင်ဒါစနစ်ဖြင့် ဝယ်ယူခဲ့ပြီး တင်ဒါ အောင်မြင်သည့် ကုမ္ပဏီမှ ပစ္စည်းများ ပေးသွင်းနိုင်မှုကျန်ရှိနေခြင်း၊ Spare parts for computer နှင့် Lighting Equipment များ ဝယ်ယူရန် ကျန်ရှိ နေခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ဂ) **ကြွေးမြီရငွေ/သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ကြွေးမြီရငွေပိုင်း တွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၂၂၂,၉၇၃.၁၆၉ သန်း ဖြစ်ပြီး၊ အကောင် အထည်ဖော်နိုင်မှု ကျပ် ၂၁၉,၈၄၅.၃၇၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၈.၆၀ ဖြစ် ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၆၂၆,၀၇၆.၇၅၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၂၇,၃၁၁.၂၀၄ သန်း

ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၈.၂၀ ဖြစ်ပါသည်။ ကြွေးမြီ ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**တွင် စိုက်ပျိုးရေးဝင်ငွေဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် JICA ODA ချေးငွေအား ဒုတိယ(၃)လပတ်တွင် ရရှိရန်လျာထားသော်လည်း တတိယ(၃) လပတ်မှသာ ရရှိခြင်း၊ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**တွင် ရတနာပုံတယ်လီပို့အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုဝန်ကြီးရုံးမှ ရရှိမည့် အမြတ်ဝေစုအား အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေစာရင်းတင်ထားခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းအတွက် ချေးငွေထုတ်ယူမှုကို (၂၁-၆-၂၀၂၀)ရက်နေ့ မတိုင်မီအချိန်ထိသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အကြောင်းကြားလာမှုအရ ချေးငွေများ ထပ်မံထုတ်ယူခဲ့ခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**တွင် Climate Friendly Agribusiness Value Chain Sector Project (CFAVC) စီမံကိန်းချေးငွေဖြင့် ဆောင်ရွက်မည့် Project လုပ်ငန်းများ ညှိနှိုင်းဆဲဖြစ်ခြင်း၊ မြန်မာနိုင်ငံသားများဘဏ်တွင် ထည့်ဝင်ထားသော အစုရှယ်ယာအပေါ် အမြတ်ဝေစုရငွေများ ပထမ(၃)လပတ်တွင် ရရှိခဲ့ပြီးဖြစ်ခြင်း၊ **ပညာရေးဝန်ကြီးဌာန**တွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများ၊ သင်ရိုးသစ် Grade-7၊ Grade-10 ပညာပေးသင်တန်းများ ဆောင်ရွက်ရာတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်သည့် ကာလဖြစ်သည့်အတွက် သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်မှုမရှိသဖြင့် ADB မှ ချေးငွေလျော့နည်းရရှိခြင်း၊ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**တွင် COVID-19 ကာလအတွင်း ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော (EHSAP) စီမံချက်နှင့် ADB ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော (GMS-Health Security Project) ရှိ လုပ်ငန်းများအနက်မှ လုပ်ငန်းအချို့မှာ မူလလျာထားချက်အတိုင်း မဆောင်ရွက်နိုင်ခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၃) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** **ကာကွယ်ရေးဝန်ကြီးဌာန**တွင် စက်မှုဝန်ကြီးဌာနမှ လွှဲပြောင်းရယူခဲ့သည့် စက်ရုံ (၄) ရုံ၏ အိန္ဒိယချေးငွေ၊ ဂျပန်ချေးငွေနှင့် တရုတ်ချေးငွေများ အရင်းပေးဆပ်ရန် အချိန်ရောက်လာသောကြောင့် ပိုမိုရခြင်း။

(၄) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတွင် OPEC (971-P) ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အတွက် အရင်းပေးဆပ်ရန် လျာထားခဲ့သော်လည်း တောင်းခံလာခြင်း မရှိခြင်း ကြောင့် လျော့နည်းရခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ အောက်ပါ အတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၆၀.၉၁ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၁၃၁.၄၉ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၉၈.၆၀ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှုမှာ ၆၄.၀၁ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက် ပြည့်မီရန် လိုအပ် သော်လည်း ငွေလုံးငွေရင်းရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။ ကြွေးမြီရငွေပိုင်းတွင် လျာထားချက် ပြည့်မီရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၉၉.၅၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၈၉.၈၃ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၁၀၀.၂၀ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၉၇.၄၉ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် လျာထားချက် ထက် အနည်းငယ် လျော့နည်းသုံးစွဲထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက် ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် အနည်းငယ်ပိုမိုသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

နောက်ဆက်တွဲ(ဂ)



၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၂၉,၃၅၇.၃၂၈ | ၁၄,၂၂၄.၉၀၃ | +၁၅,၁၃၂.၄၂၅ | ၃၂,၄၂၃.၆၀၀ | ၁၅,၃၃၄.၉၁၃ | +၁၇,၀၈၈.၆၈၇ | ၁၁၀.၄၄% | ၁၀၇.၈၀% |
| | | စုစုပေါင်း | ၂၉,၃၅၇.၃၂၈ | ၁၄,၂၂၄.၉၀၃ | +၁၅,၁၃၂.၄၂၅ | ၃၂,၄၂၃.၆၀၀ | ၁၅,၃၃၄.၉၁၃ | +၁၇,၀၈၈.၆၈၇ | ၁၁၀.၄၄% | ၁၀၇.၈၀% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၂၉,၃၅၇.၃၂၈ | ၁၃,၅၇၇.၅၁၅ | +၁၅,၇၇၉.၈၁၃ | ၃၂,၄၂၃.၅၈၃ | ၁၄,၆၄၃.၀၉၆ | +၁၇,၇၈၀.၄၈၇ | ၁၁၀.၄၄% | ၁၀၇.၈၅% |
| | | စုစုပေါင်း | ၂၉,၃၅၇.၃၂၈ | ၁၃,၅၇၇.၅၁၅ | +၁၅,၇၇၉.၈၁၃ | ၃၂,၄၂၃.၅၈၃ | ၁၄,၆၄၃.၀၉၆ | +၁၇,၇၈၀.၄၈၇ | ၁၁၀.၄၄% | ၁၀၇.၈၅% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | | ၆၄၇.၃၈၈ | -၆၄၇.၃၈၈ | ၀.၀၁၇ | ၆၉၁.၈၁၇ | -၆၉၁.၈၀၀ | | ၁၀၆.၈၆% |
| | | စုစုပေါင်း | | ၆၄၇.၃၈၈ | -၆၄၇.၃၈၈ | ၀.၀၁၇ | ၆၉၁.၈၁၇ | -၆၉၁.၈၀၀ | | ၁၀၆.၈၆% |

# ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ဦးစီးဌာနများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၂၉,၃၅၇.၃၂၈ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၂,၄၂၃.၅၈၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၀.၄၄ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် တတိယ (၃)လပတ်လျာထားချက် ကျပ် ၁၃,၅၇၇.၅၁၅ သန်း ဖြစ်ပြီး အကောင်အထည် ဖော်နိုင်မှု ကျပ် ၁၄,၆၄၃.၀၉၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၇.၈၅ ဖြစ်ပါသည်။ သာမန် ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိ ရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်သည့် အလုပ်ဌာနများ တိုးတက်လာပြီး အာမခံအလုပ်သမားများမှ အမှန်တကယ် ရရှိသော လစာနှုန်းထားများဖြင့် ထည့်ဝင်ကြေးပေးငွေများ ပေးသွင်းခြင်း တို့ကြောင့် ပိုမိုရခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** လူမှုဖူလုံရေးအဖွဲ့တွင် ရုံးချုပ်၊ ရုံးခွဲများ၊ ဆေးရုံကြီး များနှင့် ဆေးခန်းများအတွက် လိုအပ်သော ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ရုံးသုံးစက်ပစ္စည်းကိရိယာများနှင့် ရုံးသုံးယာဉ်များ ပြင်ဆင်ခြင်းတို့အတွက် လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအလိုက် ပေးချေရခြင်း၊ အာမခံအလုပ်သမားများ အတွက် အကျိုးခံစားခွင့်များ ထုတ်ပေးရန် ခန့်မှန်းတွက်ချက်လျာထားသည့် အသုံးစရိတ်များသည် မမျှော်မှန်းနိုင်သည့် အသုံးစရိတ်များဖြစ်ခြင်းနှင့် ၄၀% ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်များကြောင့်ပိုမိုရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ် ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၆၄၇.၃၈၈ သန်း ဖြစ်ပြီး အကောင်အထည် ဖော်နိုင်မှု ကျပ် ၆၉၁.၈၁၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၆.၈၆ ဖြစ်ပါသည်။ ငွေလုံး ငွေရင်းသုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** လူမှုဖူလုံရေးအဖွဲ့တွင် ဆေးပစ္စည်းကိရိယာ ဝယ်ယူခြင်းအတွက် နောက်ကျဒဏ်ကြေး ပေးသွင်းခြင်းနှင့် သာစည်ရုံးခွဲမှ စက်ဘီး၊ ပန်ကာ လေလံတင် ရောင်းချရငွေများ ပေးသွင်းခြင်းတို့ကြောင့် ပိုမို ရခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** လူမှုဖူလုံရေးအဖွဲ့တွင် ရုံးသုံးစက်ကိရိယာ များ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံးယာဉ်များ ဝယ်ယူခြင်းနှင့် ဆေးပစ္စည်း ကိရိယာ(၈၃)မျိုးဝယ်ယူခြင်းတို့ကြောင့် ပိုမိုရခြင်း။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၃,၈၀၉.၂၄၇ | ၃,၉၃၆.၉၄၂ | -၁၂၇.၆၉၅ | ၂,၆၁၃.၂၇၀ | ၅,၄၆၇.၄၁၅ | -၂,၈၅၄.၁၄၅ | ၆၈.၆၀% | ၁၃၈.၈၇% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၁၉,၉၅၅.၉၂၁ | ၂၅၅,၉၆၂.၈၂၉ | -၃၆,၀၀၆.၉၀၈ | ၇၈,၈၉၈.၇၅၆ | ၁၀၂,၀၀၀.၈၈၈ | -၂၃,၁၀၂.၁၃၂ | ၃၅.၈၇% | ၃၉.၈၅% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၀၁,၀၄၁.၇၃၂ | ၁၁၁,၆၃၂.၈၈၄ | -၁၀,၅၉၁.၁၅၂ | ၇၁,၉၀၀.၁၉၅ | ၁၁၁,၅၅၇.၁၃၉ | -၃၉,၆၅၆.၉၄၄ | ၇၁.၁၆% | ၉၉.၉၃% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၈၉၅,၉၀၃.၆၈၄ | ၁,၆၅၁,၇၉၉.၀၂၅ | +၂၄၄,၁၀၄.၆၅၉ | ၁,၅၃၁,၈၃၅.၁၄၄ | ၁,၂၂၄,၆၉၄.၄၃၉ | +၃၀၇,၁၄၀.၉၀၅ | ၈၀.၈၀% | ၇၄.၁၄% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | ၃၄၇,၇၂၀.၁၅၉ | ၂၈၅,၀၈၂.၅၀၀ | +၆၂,၆၃၇.၆၅၉ | ၄၃၁,၂၇၂.၉၃၄ | ၃၁၄,၁၈၀.၈၂၈ | +၁၁၇,၀၉၂.၁၀၆ | ၁၂၄.၀၃% | ၁၁၀.၂၁% |
| | | စုစုပေါင်း | ၂,၅၆၈,၄၃၀.၇၄၃ | ၂,၃၀၈,၄၁၄.၁၈၀ | +၂၆၀,၀၁၆.၅၆၃ | ၂,၁၁၆,၅၂၀.၄၉၉ | ၁,၇၅၇,၉၀၀.၇၀၉ | +၃၅၈,၆၁၉.၇၉၀ | ၈၂.၄၁% | ၇၆.၁၅% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၃,၈၀၉.၂၄၇ | ၃,၆၅၆.၂၂၇ | +၁၅၃.၀၂၀ | ၂,၆၁၃.၂၇၀ | ၅,၁၉၃.၇၄၈ | -၂,၅၈၀.၄၇၈ | ၆၈.၆၀% | ၁၄၂.၀၅% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၇၀,၉၀၃.၀၃၉ | ၆၀,၂၉၄.၃၃၇ | +၁၀,၆၀၈.၇၀၂ | ၅၉,၁၆၉.၁၀၈ | ၅၃,၉၃၂.၈၇၉ | +၅,၂၁၆.၂၂၉ | ၈၃.၄၅% | ၈၉.၄၈% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၀၁,၀၄၁.၄၇၅ | ၁၁၁,၁၉၃.၉၀၇ | -၁၀,၁၅၂.၄၃၂ | ၇၁,၉၀၀.၀၉၀ | ၁၀၁,၁၀၄.၅၂၁ | -၃၉,၂၀၄.၄၃၁ | ၇၁.၁၆% | ၉၉.၉၂% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၈၆၆,၄၈၂.၆၇၅ | ၁,၅၉၉,၆၁၀.၃၁၅ | +၂၆၆,၈၇၂.၃၆၀ | ၁,၅၀၂,၁၆၉.၆၅၈ | ၁,၁၈၀,၀၁၈.၀၆၇ | +၃၂၂,၁၅၁.၅၉၁ | ၈၀.၄၈% | ၇၃.၇၇% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | ၂၇၉,၄၃၉.၁၉၆ | ၂၀၃,၃၃၀.၄၅၀ | +၇၆,၁၀၈.၇၄၆ | ၃၆၈,၄၈၂.၁၁၄ | ၂၄၇,၂၉၄.၂၄၂ | +၁၂၁,၁၈၇.၉၇၂ | ၁၃၁.၈၆% | ၁၂၁.၆၂% |
| | | စုစုပေါင်း | ၂,၃၂၁,၆၇၅.၆၃၂ | ၁,၉၇၈,၀၈၅.၂၃၆ | +၃၄၃,၅၉၀.၃၉၆ | ၂,၀၀၄,၃၃၄.၃၄၀ | ၁,၅၉၇,၅၆၃.၄၅၇ | +၄၀၆,၇၇၀.၈၈၃ | ၈၆.၃၃% | ၈၀.၇၆% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၂၈၀.၇၁၅ | -၂၈၀.၇၁၅ | | ၂၇၃.၆၆၇ | -၂၇၃.၆၆၇ | | ၉၇.၄၉% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃,၃၁၇.၃၈၉ | ၁၉၄,၃၄၄.၆၁၅ | -၁၉၁,၀၂၇.၂၂၆ | ၁၃.၈၅၉ | ၄၄,၅၄၈.၀၁၆ | -၄၄,၅၃၄.၁၅၇ | ၀.၄၂% | ၂၂.၉၂% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၀.၂၅၇ | ၄၃၈.၉၇၇ | -၄၃၈.၇၂၀ | ၀.၁၀၅ | ၄၅၂.၆၁၈ | -၄၅၂.၅၁၃ | ၄၀.၈၆% | ၁၀၃.၁၁% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၆,၁၁၆.၀၈၅ | ၃၉,၄၃၉.၅၅၉ | -၃၃,၃၂၃.၄၇၄ | ၁၃၅.၂၃၁ | ၃၅,၂၇၂.၁၈၇ | -၃၅,၁၃၆.၉၅၆ | ၂.၂၁% | ၈၉.၄၃% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | ၂,၇၃၅.၃၈၃ | ၂၈,၄၅၄.၄၈၂ | -၂၅,၇၁၉.၀၉၉ | ၂၉.၆၅၇ | ၁၉,၀၇၁.၁၆၄ | -၁၉,၀၄၁.၅၀၇ | ၁.၀၈% | ၆၇.၀၂% |
| | | စုစုပေါင်း | ၁၂,၁၆၉.၁၁၄ | ၂၆၂,၉၅၈.၃၄၈ | -၂၅၀,၇၈၉.၂၃၄ | ၁၇၈.၈၅၂ | ၉၉,၆၁၇.၆၅၂ | -၉၉,၄၃၈.၈၀၀ | ၁.၄၇% | ၃၇.၈၈% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | | | | | | | |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၄၅,၇၃၅.၄၉၃ | ၁,၃၂၃.၈၇၇ | +၁၄၄,၄၁၁.၆၁၆ | ၁၉,၇၁၅.၇၈၉ | ၃,၄၉၉.၉၉၃ | +၁၆,၂၁၅.၇၉၆ | ၁၃.၅၃% | ၂၆၄.၃၇% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၂၃,၃၀၄.၉၂၄ | ၁၂,၇၄၉.၁၅၁ | +၁၀,၅၅၅.၇၇၃ | ၂၉,၅၃၀.၄၅၅ | ၉,၄၀၄.၁၈၅ | +၂၀,၁၂၆.၂၇၀ | ၁၂၆.၇၀% | ၇၃.၇၆% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | ၆၅,၅၄၅.၅၈၀ | ၅၃,၂၉၇.၅၆၈ | +၁၂,၂၄၈.၀၁၂ | ၆၂,၇၆၁.၀၆၃ | ၄၇,၈၁၅.၄၂၂ | +၁၄,၉၄၅.၆၄၁ | ၉၅.၇၅% | ၈၉.၇၁% |
| | | စုစုပေါင်း | ၂၃၄,၅၈၅.၉၉၇ | ၆၇,၃၇၀.၅၉၆ | +၁၆၇,၂၁၅.၄၀၁ | ၁၁၂,၀၀၇.၃၀၇ | ၆၀,၇၁၉.၆၀၀ | +၅၁,၂၈၇.၇၀၇ | ၄၇.၇၅% | ၉၀.၁၃% |

# နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏
# ၂၀၁၉ -၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက်ကျပ် ၂,၃၂၀,၆၇၅.၆၃၂ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုကျပ် ၂,၀၀၄,၃၃၄.၃၄၀ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၈၆.၃၃ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၁,၉၇၈,၀၈၅.၂၃၆ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၅၉၇,၅၆၃.၄၅၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၈၀.၇၆ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှု အခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊** နိုင်ငံပိုင်ဘဏ်များတွင် Treasury Bond နှင့် Treasury Bill များ၊ နိုင်ငံခြားအပ်ငွေများအပေါ်မှအတိုး ရငွေများ၊ အာမခံရငွေများပိုမိုရရှိခြင်း၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် စက်ရုံများရှိ လက်ကျန်ကုန်ချောများ ရောင်းချရခြင်း၊ လုပ်ငန်းပိုင်မြေနှင့် အဆောက်အဦ ငှားရမ်းခြင်းတို့မှရငွေများ ပိုမိုရရှိခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** **ပြန်ကြားရေးဝန်ကြီးဌာန၊** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် သတင်းစာရောင်းရငွေနှင့် ကြော်ငြာခဝင်ငွေများ လျော့နည်းရရှိခြင်း၊ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် COVID-19 ကပ်ရောဂါကြောင့် ခရီးသည်လိုက်ပါမှု နည်းပါးသဖြင့် ခေါက်ရေလျော့နည်းပြေးဆွဲရခြင်း၊ ရေယာဉ်ငှားရမ်းမှု လျော့နည်းခြင်း၊ မြန်မာ့မီးရထားတွင် ရန်ကုန်-တောင်ငူ-ရန်ကုန်လမ်းပိုင်းအား (၁-၁၀-၂၀၁၉) နေ့မှစ၍ ရထားလမ်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နေပါသဖြင့် ခရီးစဉ်အချို့ဖျက်သိမ်းခဲ့ရခြင်း၊ COVID-19 ကပ်ရောဂါကြောင့် ရထားစီးခရီးသည် နည်းပါးလာခြင်းနှင့် ဧပြီလအတွက် မြေငှားရမ်းခများ မရရှိသေးခြင်း၊ ရန်ကုန်-ပုဂံလမ်းပိုင်း ပြေးဆွဲမှုခေတ္တရပ်ဆိုင်းထားရခြင်းတို့ကြောင့် ရငွေလျော့နည်းခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့်ကာလများအတွင်း ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် Website (၆)ခုအား

Internet အခမဲ့ကြည့်ရှုနိုင်ရန်ခွင့်ပြုခြင်းနှင့် စာစောရှာ Application ကို အခမဲ့ Download ပြုလုပ်နိုင်ရန် ဆောင်ရွက်ပေးခြင်းတို့ကြောင့် ရငွေလျော့နည်းခြင်း၊ မြန်မာ့စာတိုက်လုပ်ငန်းတွင် ပြည်ပလေကြောင်း ခရီးစဉ်များ ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပစာပို့လုပ်ငန်းနှင့် အပြည်ပြည်ဆိုင်ရာအမြန်ချောတို့မှ ရငွေများလျော့နည်းခြင်း၊ **သယံဇာတနှင့် သဘာပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန**တွင် COVID-19 ကပ်ရောဂါကြောင့် မြန်မာ့သစ်လုပ်ငန်းရှိ သစ်များအား တင်ဒါခေါ်ယူရောင်းချရမှုမရှိခြင်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းတွင် (၅၇)ကြိမ်မြောက် ရတနာပြပွဲကျင်းပနိုင်မှုမရှိခြင်း၊ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် ပုလဲရောင်းပွဲကျင်းပနိုင်မှု မရှိခြင်းနှင့် မှတ်ခွဲရောင်းပွဲပြုလုပ်ရန် ဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊** လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့ထံမှရရှိမည့် မေလအတွက် ဓာတ်အားခရောင်းရငွေများမရရှိသေးခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် စက်ရုံနှင့်လုပ်ငန်းများမှသုံးစွဲသည့် သဘာဝဓာတ်ငွေ့ပမာဏ လျော့နည်းခြင်းကြောင့် ရောင်းချရငွေလျော့နည်းခြင်း၊ တတိယ(၃)လပတ်အတွင်း ကုန်းတွင်းရေနံစိမ်း ရောင်းရငွေနှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ရောင်းရငွေများ ရရှိမှုနည်းခြင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် COVID-19 ၏ အကျိုးသက်ရောက် မှုကြောင့် ရေနံထွက်ပစ္စည်းများ၏ လျာထားဈေးနှုန်းများကျဆင်းခဲ့ခြင်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီလက်ကျန်များအား တင်ဒါခေါ်ယူရောင်းချနိုင်မှုမရှိခြင်းကြောင့် ရငွေလျော့နည်းခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် နိုင်ငံခြားမှမှာယူထားသော ကုန်ကြမ်းပစ္စည်းများအတွက် တတိယ(၃)လပတ်အတွင်းမှသာ ပေးချေရခြင်းကြောင့်ပိုမိုခြင်း၊ **စီမံကိန်းဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**တွင် ရာထူးတိုးလစာနှင့် နှစ်တိုးလစာခံစားသူများပြားခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ဌာနကူးပြောင်းလာသော ဝန်ထမ်းများကြောင့် လစာနှင့်စရိတ်ပိုမိုခြင်း၊ မြန်မာ့စီးပွားရေးဘဏ်သို့ပေးရသော Two-Step-Loan

အတိုးနှင့် နှစ်ဟောင်းချေးငွေကြွေး ကျန်များအတွက်အတိုးပေးငွေများ ပေးချေခဲ့ရခြင်းနှင့် မြန်မာ့အာမခံလုပ်ငန်းတွင် ပရီမီယံဝင်ငွေတိုးလာခြင်းကြောင့် ကုန်သွယ်လုပ်ငန်းခွန်များပိုမိုပေးချေရခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**၊ မြန်မာ့မီးရထားတွင် ကုန်ကြမ်းဝယ်ယူရန် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ ငွေကြေးစရိတ်တွင် Debt Service Suspension Initiative (DSSI) အစီအစဉ်အရ လျော့နည်းပေးချေရခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ လျော့နည်းသုံးစွဲခြင်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းတွင် COVID-19 ကပ်ရောဂါကြောင့် စာတိုက်စစ်ဆေးရေးခရီးစဉ်များ သွားရောက်မှုမရှိခြင်း၊ ဓာတ်ဆီ၊ စက်ဆီဈေးနှုန်းများကျဆင်းခြင်း၊ ပြည်ပနိုင်ငံများသို့ စာပို့ခများပေးချေမှုမရှိသေးခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် ကုန်းတွင်း၊ ကမ်းလွန်မှ သဘာဝဓာတ်ငွေ့ဘိုး၊ ကျောက်မီးသွေးဘိုးတို့အတွက် ပေးချေရမည့် ငွေတောင်းခံလွှာများ မရောက်ရှိသေးခြင်း၊ ပုဂ္ဂလိကဓာတ်အားဝယ်စရိတ်အချို့အား မေလအတွက်သာပေးချေရသေးခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် Schlumberger Service Charges များနှင့် အာမခံကြေးများ လျော့နည်းပေးချေရခြင်း၊ COVID-19 အကျိုးသက်ရောက်မှုများကြောင့် ကမ်းလွန်သဘာဝဓာတ်ငွေ့ ပြည်ပရောင်းဈေးနှုန်းများကျဆင်းခဲ့၍ ရောင်းရငွေအပေါ် ပေးဆောင်ရသည့် ကုန်သွယ်လုပ်ငန်းခွန်လျော့နည်းခြင်း၊ ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ပြည်ပသို့တင်ပို့ရောင်းချသည့် သဘာဝဓာတ်ငွေ့အပေါ် အထူးကုန်စည်ခွန် လျော့နည်းပေးချေရခြင်း၊ ဓာတ်ဆီ၊စက်ဆီဈေးနှုန်းများကျဆင်းခြင်းနှင့် အစည်းအဝေးများ လျော့နည်းဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် လျော့နည်းခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၁၂,၁၆၉.၁၁၄ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၇၈.၈၅၂ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁.၄၇ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၂၆၂,၉၅၈.၃၄၈ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၉၉,၆၁၇.၆၅၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၃၇.၈၈ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး **ဝန်ကြီးဌာန၊** မြန်မာ့မီးရထားတွင် ဂျပန်နိုင်ငံအကူအညီဖြင့် JICS (Japan International Cooperation System) မှ စက်ပစ္စည်းဝယ်ယူခြင်းအတွက် Agent Fee နှင့် Consultant Fee တို့အား တတိယ(၃)လပတ်အတွင်း တောင်းခံမှုမရှိခြင်း၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊** အမှတ်(၁)သတ္တုတွင်းလုပ်ငန်းတွင် နမ္မတူဘော်တွင်းရှိ အဆောက်အဦဆယ်တင်ပစ္စည်းရောင်းရငွေများကို ပထမ(၃)လပတ်တွင် ရရှိခဲ့ပြီးဖြစ်ခြင်းကြောင့်လျော့နည်းခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် ဂျပန်နိုင်ငံအထောက်အပံ့ဖြင့်ဆောင်ရွက်သည့် မြန်အောင်ဓာတ်ငွေ့အင်ဂျင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း 23 MW အတွက် အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက်အရ လျာထားငွေ၏ ၇၀% ကို စတုတ္ထ(၃)လပတ်ရောက်ရှိမှ ပေးချေနိုင်မည်ဖြစ်ခြင်းတို့ကြောင့် ရငွေလျော့နည်းခြင်း၊ **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊** မြန်မာ့အာမခံလုပ်ငန်းတွင် ပစ္စည်းဟောင်းရောင်းချရငွေများအား ပထမ(၆)လပတ်တွင် ရရှိခဲ့ပြီးဖြစ်ခြင်းနှင့် အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၏ တတိယ(၃)လပတ်တွင် လျာထားသောရငွေများအား ပထမ(၆)လပတ်တွင် ရရှိခဲ့ပြီးဖြစ်ခြင်းတို့ကြောင့် ရငွေလျော့နည်းခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊** မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းတွင် ဒုတိယ(၃)လပတ်တွင်လျာထားသော ဆောက်လုပ်ရေးလုပ်ငန်းများ၊ ကျွန်းစခန်းအတွက် စက်ပစ္စည်းနှင့် ရုံးသုံးကိရိယာများမှာ တတိယ(၃)လပတ်ရောက်ရှိမှသာ ဆောင်ရွက်ပြီးစီးခဲ့ခြင်းကြောင့်ပိုမိုခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး **ဝန်ကြီးဌာန၊** မြန်မာ့မီးရထားတွင် အချို့လုပ်ငန်းများအတွက် တင်ဒါခေါ်ယူနေဆဲဖြစ်ခြင်း၊ ပြည်ပချေးယူရငွေဖြင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်း၊ အချို့ပစ္စည်းများအတွက် ငွေပေးချေရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် နိုင်ငံခြားမှစာချုပ်ချုပ်ဆို ဝယ်ယူထားသည့် ပစ္စည်းများမှာ စတုတ္ထ(၃)လပတ်

ရောက်ရှိမှသာရရှိမည်ဖြစ်ခြင်း၊ COVID-19 ကာလတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား ခေတ္တရပ်နားထားခဲ့ရခြင်း၊ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ အလုံးစုံပြုပြင် မွမ်းမံရေးစီမံကိန်း (MY-P22) ၏ Consultant Service Charges 8th Invoice အား စိစစ်ဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းခြင်း၊ **စီမံကိန်းဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**တွင် COVID-19 ကြောင့် အချို့တည်ဆောက်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားခြင်း၊ စာချုပ်အရလုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအလိုက်သာ ငွေပေးချေရခြင်း၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းရှိ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)၏ တည်ဆောက်ရေးလုပ်ငန်းများအား စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့မှ စိစစ်ဆဲဖြစ်၍ သုံးစွဲနိုင်မှုမရှိခြင်း၊ Integrated steel (Phase 2A) နှင့် (Phase 3) အတွက် အတိုးပေးချေရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း လျော့နည်းခြင်း၊ Danieli Co.Ltd သို့ ပေးချေရမည့် Interest on Late Payment အား ဒုတိယ(၃)လပတ်တွင် ပေးချေခဲ့ခြင်းကြောင့် လျော့နည်းခြင်း၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း)ရှိ ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအား ဆောင်ရွက်ဆဲဖြစ်ခြင်း၊ စက်ရုံ(၂)ရုံ၏ စက်ကိရိယာဝယ်ယူရန်အတွက်ခွင့်ပြုငွေများအား COVID-19 ကပ်ရောဂါ ကာကွယ်ရေးအတွက် ပြန်လည်အပ်နှံထားခြင်း၊ အမှတ်(၃၁)အကြီးစားစက်ရုံ(သရက်)ရှိ ထုံးကျောက်တောင် ကုန်ကြမ်းလုပ်ကွက်မှာ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ကိုင်နိုင်မှုမရှိခြင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင် စက်မှုနယ်မြေ(သထုံ)ရှိ စက်ရုံများနှင့် စက်ရုံ(၁၄)ရုံအတွက် ရေသာမိုမီတာများအား တင်ဒါခေါ်ယူရာတွင် ဈေးနှုန်းကိုက်ညီမှုမရှိခြင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းတွင် ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန်လျာထားငွေများအား COVID-19 ကပ်ရောဂါကာကွယ်ရေးအတွက် ပြန်လည်အပ်နှံထားခြင်းတို့ကြောင့် လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၂၄,၅၈၅.၉၉၇ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၁၂,၀၀၇.၃၀၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၄၇.၇၅ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၆၇,၃၇၀.၅၉၆ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၀,၇၁၉.၆၀၀ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း

၉၀.၁၃ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေ အနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၏ စီမံကိန်းပထမအဆင့်ပစ္စည်းများမှာ တတိယ(၃)လပတ်ရောက်ရှိမှသာ ရရှိခဲ့ခြင်း၊ JICA ချေးငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ၂/၂၀၂၀ လတွင် စာချုပ်ချုပ်ဆိုခဲ့သော်လည်း Advanced Payment ၁၀% ကို တတိယ (၃)လ ပတ်ရောက်ရှိမှသာ ငွေပေးချေနိုင်ခဲ့ခြင်း၊ Shareholder Loan Agreement အရ ရွှေလီစီမံကိန်းအတွက် SEAGP ကုမ္ပဏီမှ အရင်းပြန်လည်ရရှိငွေကို လျာထား ချက်ထက် ပိုမိုပေးသွင်းခဲ့ခြင်းတို့ကြောင့် ပိုမိုရရှိခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန၊ မြန်မာ့မီးရထားတွင် ပြည်ပချေးယူရငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်း လုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ အချို့ပစ္စည်းများ အတွက် ငွေပေးချေရန် ဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် ငွေထုတ်ယူနိုင်ခြင်း မရှိ၍ ရငွေလျော့နည်းခြင်း။

(၃) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် အိန္ဒိယချေးငွေနှင့် ပြင်သစ်ချေးငွေများအတွက် အရင်းပေး ဆပ်ရာတွင် ဒုတိယ(၃)လပတ်အတွင်း ပေးချေရန်လျာထားခဲ့သော်လည်း မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ ဘဏ်မြီစားလွှာများမှာ တတိယ(၃)လပတ် ရောက် ရှိမှသာရရှိခဲ့ခြင်းတို့ကြောင့် ပိုမိုခြင်း။

(၄) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် **စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**တို့တွင် G-20 မှ ထုတ်ပြန်ခဲ့သည့် Debt Service Suspension Initiative (DSSI) အစီအစဉ်အရ အရင်းပေးဆပ် ရာတွင် အချိန်ကာလပြောင်းရွှေ့ပေးဆပ်ရမည်ဖြစ်ခြင်းကြောင့် လျော့နည်းခြင်း။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ တတိယ(၃)လပတ် လျာထားချက်အပေါ် အကောင် အထည် ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ တွေ့ရှိသုံးသပ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၈၆.၃၃ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၁.၄၇

ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၄၇.၇၅ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှု ၈၂.၄၁ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် နီးစပ်စွာအကောင် အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေပိုင်းနှင့် ကြွေးမြီရငွေပိုင်းတို့တွင် အနီးစပ်ဆုံးလျာထားရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၀.၇၆ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၃၇.၈၈ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၉၀.၁၃ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၇၆.၁၅ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်တို့တွင် နီးစပ်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းအသုံးစရိတ်တွင် လျာထားချက်ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဒီဇင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၇၁,၇၂၂.၀၃၄ | ၇၉,၅၀၃.၄၃၃ | -၇,၇၈၁.၃၉၉ | ၃၈,၈၅၆.၁၃၈ | ၃၂,၇၅၀.၇၂၅ | +၆,၁၀၅.၄၁၃ | ၅၄.၁၈% | ၄၁.၁၉% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၄၀၇,၀၄၃.၉၃၂ | ၃၈၄,၃၃၈.၀၇၆ | +၂၂,၇၀၅.၈၇၆ | ၃၃၇,၃၈၆.၈၂၁ | ၂၄၀,၅၂၁.၁၇၇ | +၉၆,၈၆၅.၆၄၄ | ၈၂.၈၉% | ၆၂.၅၈% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၀၈,၆၁၉.၉၃၉ | ၃၀၈,၄၂၁.၃၃၂ | +၁၉၈.၆၀၇ | ၂၄၃,၆၈၀.၈၆၁ | ၁၉၄,၆၉၅.၈၄၃ | +၄၈,၉၈၅.၀၁၈ | ၇၈.၉၆% | ၆၃.၁၃% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၉၈,၄၂၄.၀၁၃ | ၇၅,၉၁၆.၇၄၄ | +၂၂,၅၀၇.၂၆၉ | ၉၃,၇၀၅.၉၆၀ | ၄၅,၈၂၅.၃၃၄ | +၄၇,၈၈၀.၆၂၆ | ၉၅.၂၀% | ၆၀.၃၆% |
| | | စုစုပေါင်း | ၄၇၈,၇၆၅.၉၈၆ | ၄၆၃,၈၄၁.၅၀၉ | +၁၄,၉၂၄.၄၇၇ | ၃၇၆,၂၄၂.၉၃၉ | ၂၇၃,၂၇၁.၉၀၂ | +၁၀၂,၉၇၁.၀၅၇ | ၇၈.၅၉% | ၅၈.၉၁% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေသုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆၉,၃၉၅.၉၉၇ | ၆၆,၄၅၈.၈၉၇ | +၂,၉၃၇.၁၀၀ | ၃၈,၂၅၁.၁၄၈ | ၂၈,၅၉၃.၀၃၁ | +၉,၆၅၈.၁၁၇ | ၅၅.၁၂% | ၄၃.၀၂% |
| ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၄၀၃,၂၀၉.၃၅၉ | ၃၇၃,၄၉၆.၄၇၁ | +၂၉,၇၁၂.၈၈၈ | ၃၃၃,၉၀၀.၅၇၇ | ၂၃၀,၂၆၇.၀၄၆ | +၁၀၃,၆၃၃.၅၃၁ | ၈၂.၈၁% | ၆၁.၆၅% |
| | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၀၇,၆၅၂.၇၇၅ | ၃၀၀,၈၀၉.၁၆၉ | +၆,၈၄၃.၆၀၆ | ၂၄၃,၁၆၉.၂၂၃ | ၁၈၇,၉၁၀.၇၄၆ | +၅၅,၂၅၈.၄၇၇ | ၇၉.၀၄% | ၆၂.၄၇% |
| | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၉၅,၅၅၆.၅၈၄ | ၇၂,၆၈၇.၃၀၂ | +၂၂,၈၆၉.၂၈၂ | ၉၀,၇၃၁.၃၅၄ | ၄၂,၃၅၆.၃၀၀ | +၄၈,၃၇၅.၀၅၄ | ၉၄.၉၅% | ၅၈.၂၇% |
| | စုစုပေါင်း | ၄၇၂,၆၀၅.၃၅၆ | ၄၃၉,၉၅၅.၃၆၈ | +၃၂,၆၄၉.၉၈၈ | ၃၇၂,၁၅၁.၇၂၅ | ၂၅၈,၈၆၀.၀၇၇ | +၁၁၃,၂၉၁.၆၄၈ | ၇၈.၇၄% | ၅၈.၈၄% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | -၅၀.၄၆၃ | ၁၀,၁၉၄.၉၂၄ | -၁၀,၂၄၅.၃၈၇ | | ၃,၉၁၅.၁၂၁ | -၃,၉၁၅.၁၂၁ | | ၃၈.၄၀% |
| ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၆၃၀.၀၀၀ | ၁၀,၈၄၁.၆၀၅ | -၁၀,၂၁၁.၆၀၅ | ၃.၇၁၀ | ၁၀,၂၅၄.၁၃၁ | -၁၀,၂၅၀.၄၂၁ | ၀.၅၉% | ၉၄.၅၈% |
| | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၆၃၀.၀၀၀ | ၇,၆၁၂.၁၆၃ | -၆,၉၈၂.၁၆၃ | ၃.၇၁၀ | ၆,၇၈၅.၀၉၇ | -၆,၇၈၁.၃၈၇ | ၀.၅၉% | ၈၉.၁၃% |
| | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၃,၂၂၉.၄၄၂ | -၃,၂၂၉.၄၄၂ | | ၃,၄၆၉.၀၃၄ | -၃,၄၆၉.၀၃၄ | | ၁၀၇.၄၂% |
| | စုစုပေါင်း | ၅၇၉.၅၃၇ | ၂၁,၀၃၆.၅၂၉ | -၂၀,၄၅၆.၉၉၂ | ၃.၇၁၀ | ၁၄,၁၆၉.၂၅၂ | -၁၄,၁၆၅.၅၄၂ | ၀.၆၄% | ၆၇.၃၆% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေသုံးငွေစာရင်း

(ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂,၃၇၆.၅၀၀ | ၂,၈၄၉.၆၁၂ | -၄၇၃.၁၁၂ | ၆၀၄.၉၉၀ | ၂၄၂.၅၇၃ | +၃၆၂.၄၁၇ | ၂၅.၄၆% | ၈.၅၁% |
| ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၃,၂၀၄.၅၉၃ | | +၃,၂၀၄.၅၉၃ | ၃,၄၈၂.၃၃၄ | | +၃,၄၈၂.၃၃၄ | ၁၀၈.၆၇% | |
| | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၃၇.၁၆၄ | | +၃၃၇.၁၆၄ | ၅၀၇.၉၂၈ | | +၅၀၇.၉၂၈ | ၁၅၀.၆၅% | |
| | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၂,၈၆၇.၄၂၉ | | +၂,၈၆၇.၄၂၉ | ၂,၉၇၄.၆၀၆ | | +၂,၉၇၄.၆၀၆ | ၁၀၃.၇၄% | |
| | စုစုပေါင်း | ၅,၅၈၁.၀၉၃ | ၂,၈၄၉.၆၁၂ | +၂,၇၃၁.၄၈၁ | ၄,၀၈၇.၃၂၄ | ၂၄၂.၅၇၃ | +၃,၈၄၄.၉၅၁ | ၇၃.၂၄% | ၈.၅၁% |

# ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၉ -၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်၊ တတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်ရငွေပိုင်းတွင် တတိယ(၃) လပတ်လျာထားချက် ကျပ် ၄၇၂,၆၀၅.၃၅၆ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၇၂,၁၅၁.၇၂၅ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၇၈.၇၄ ဖြစ်ပါသည်။ သာမန်အသုံး စရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၄၃၉,၉၅၅.၃၆၈ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၅၈,၈၆၀.၀၇၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၅၈.၈၄ ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါ အတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန၊ မြန်မာ့သဘော်ာကျင်းလုပ်ငန်းတွင် ပြင်ဆင်မှုပမာဏနည်းပါးသည့် ရေယာဉ် (၃)စီးသာ ပြင်ဆင်ရခြင်း၊ မြန်မာအမျိုးသားလေကြောင်းတွင် Covid-19ကြောင့် ပြည်တွင်း၊ ပြည်ပခရီးစဉ်များ လျော့နည်းပြေးဆွဲခဲ့ရခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန**တွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလ (ဧပြီလ၊ မေလ၊ ဇွန်လ)များအတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အား သုံးစွဲမှု(၁၅၀) ယူနစ်အထိ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်ပြုခဲ့ခြင်းနှင့် COVID-19 ကပ် ရောဂါကြောင့် စက်ရုံများ၏ စက်မှုသုံးဓာတ်အားသုံးစွဲမှု လျော့နည်းခဲ့၍ ရငွေ လျော့နည်းခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန၊ မြန်မာ့သဘော်ာကျင်းလုပ်ငန်းတွင် ပြင်ဆင်မှုပမာဏနည်းပါးသော ရေယာဉ်(၃)စီးသာ ပြင်ဆင်ခဲ့၍ ၎င်းနှင့်ဆက်စပ်သော ကုန်ကြမ်းဝယ်ယူခြင်းနှင့် ထုတ်လုပ်မှုစရိတ်တို့တွင် လျော့နည်းသုံးစွဲခြင်း၊ ဓာတ်ဆီ၊ စက်ဆီဈေးနှုန်း ကျဆင်းခြင်း၊ မြန်မာအမျိုးသားလေကြောင်းတွင် Covid-19 ကြောင့် ပြည်တွင်း၊ ပြည်ပခရီးစဉ်များ လျော့နည်းသွားပါသဖြင့် ကုန်ကြမ်းဝယ်ယူခြင်း၊ ထုတ်လုပ်မှု စရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့တွင် လျော့နည်းသုံးစွဲခြင်း၊ ငွေကြေးစရိတ်တွင်

နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခဲ့ခြင်းတို့ကြောင့် လျော့နည်းခြင်း၊ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတွင်** ဓာတ်အားဝယ်ယူစရိတ်၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ လျာထားယူနစ်ထက် အမှန်ပို့လွှတ်သည့်ယူနစ် လျော့နည်းခဲ့ခြင်းနှင့် ဓာတ်အားဝယ်စရိတ်များမပေးချေရသေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုစရိတ်တွင် မီတာများသယ်ယူရာ၌ ကုန်ကျမည့်သယ်ယူစရိတ်စာရင်းများပြုစုဆဲဖြစ်ခြင်း၊ လိုင်းဝန်ထမ်းများအတွက် ဝတ်စုံစရိတ်များ ထုတ်ယူမှုမရှိသေးခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းစရိတ်တွင် လုပ်ငန်းခန့်မှန်းခြေစာရင်းများ စိစစ်ပြီးခွင့်ပြုချက်ရရှိရန်ဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် သုံးစွဲမှုလျော့နည်းခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၅၇၉.၅၃၇သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၃.၇၁၀သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၀.၆၄ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ (၃) လပတ်လျာထားချက် ကျပ် ၂၁,၀၃၆.၅၂၉ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၄,၁၆၉.၂၅၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၇.၃၆ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်** ဆယ်တင်ကြိုးဟောင်းများ လေလံတင်ရောင်းချရငွေများကို ဒုတိယ(၃) လပတ်တွင် ရရှိခဲ့ပြီး ဖြစ်ခြင်းကြောင့် ရငွေလျော့နည်းခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင်** စက်နှင့်စက်ပစ္စည်းများဝယ်ယူရာ၌ Covid-19ကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုအရ စက်ပစ္စည်းရောက်ရှိမှုနောက်ကျခြင်း၊ ပစ္စည်းများတင်သွင်းမှုမရှိသေးခြင်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် JICA ODA Loan Project ဖြင့် ဆောင်ရွက်သော ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းပြီးစီး၍ ငွေပေးချေရာတွင် အမှန်ကုန်ကျစရိတ်ကိုသာ ပေးချေရ၍ ကန်ထရိုက် Amount လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်

သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီရငွေပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၅,၅၈၁.၀၉၃ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄,၀၈၇.၅၂၄ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၇၃.၂၄ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၂,၈၄၉.၆၁၂ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၄၂.၅၇၃ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၈.၅၁ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအတွက် ပစ္စည်းဘိုးတောင်းခံလွှာများကို တတိယ(၃)လပတ်ရောက်ရှိမှသာ ပေးချေခဲ့ခြင်းနှင့် Word Bank ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအတွက် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီများမှ Steel Parts Accessories နှင့် Concrete Pole များ ဝယ်ယူခဲ့ခြင်းအပေါ် Advanced Payment (10%) ငွေပေးချေခဲ့ခြင်းကြောင့် ပိုမိုရရှိခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် JICA ODA Loan Project ဖြင့် ဆောင်ရွက်သော ဆောက်လုပ်ရေးလုပ်ငန်းများသည် လုပ်ငန်းပြီးစီး၍ ငွေပေးချေခဲ့ရာတွင် အမှန်ကုန်ကျစရိတ်ကိုသာပေးချေရ၍ ကန်ထရိုက် Amount လျော့နည်းခြင်း၊ စက်နှင့်စက်ပစ္စည်းဝယ်ယူခြင်းတွင် ငွေပေးချေရန် စိစစ်ဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းရရှိခြင်း။

(၃) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းတွင် COVID-19 ကပ်ရောဂါကြောင့် ဝင်ငွေလျော့နည်းခဲ့ပါ၍ ATR 72 600 (၆)စီး အတွက် Dubai Aerospace Enterprise - United Arab Emirates (DAE) သို့ ပေးရမည့်အရင်းပြန်လည်ပေးဆပ်ငွေအား ပေးချေနိုင်မှုမရှိသောကြောင့် လျော့နည်းခြင်းဖြစ်ပြီး အဆိုပါအရင်းပြန်လည်ပေးဆပ်ငွေအား စတုတ္ထ(၃)လပတ် ရောက်ရှိမှသာပေးချေမည်ဖြစ်ခြင်းကြောင့် လျော့နည်းခြင်း။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၃၈၅.၁၄၉ | ၃၈၁.၁၉၀ | +၃.၉၅၉ | ၂၂၁.၁၅၇ | ၃၂၀.၃၆၇ | -၉၉.၂၁၀ | ၅၇.၄၂% | ၈၄.၀၄% |
| | စုစုပေါင်း | ၃၈၅.၁၄၉ | ၃၈၁.၁၉၀ | +၃.၉၅၉ | ၂၂၁.၁၅၇ | ၃၂၀.၃၆၇ | -၉၉.၂၁၀ | ၅၇.၄၂% | ၈၄.၀၄% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၃၈၅.၁၄၉ | ၃၈၁.၁၉၀ | +၃.၉၅၉ | ၂၂၁.၁၅၇ | ၃၂၀.၃၆၇ | -၉၉.၂၁၀ | ၅၇.၄၂% | ၈၄.၀၄% |
| | စုစုပေါင်း | ၃၈၅.၁၄၉ | ၃၈၁.၁၉၀ | +၃.၉၅၉ | ၂၂၁.၁၅၇ | ၃၂၀.၃၆၇ | -၉၉.၂၁၀ | ၅၇.၄၂% | ၈၄.၀၄% |

# တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏
# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၃၈၅.၁၄၉ သန်းဖြစ်ပြီး အကောင်အထည် ဖော်နိုင်မှု ကျပ် ၂၂၁.၁၅၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၅၇.၄၂ ဖြစ်ပါသည်။ သာမန် အသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၃၈၁.၁၉၀ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၂၀.၃၆၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၈၄.၀၄ ဖြစ် ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** တပ်နယ်များ၏ နယ်နိမိတ်အတွင်းနှင့် တပ်နယ် ဈေးများအတွင်း အမှိုက်သိမ်းဆည်းခ၊ ဆိုင်ခွန်၊ ဆိုင်ခ၊ ပစ္စည်းခွန်၊ လိုင်စင်ခ၊ ဈေးကောက်ခ၊ ဒဏ်ငွေများ လျော့နည်းရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** အမှုထမ်းများအား လျာထားသည့်အတိုင်း ခန့်အပ်နိုင်မှုမရှိခြင်း၊ ရုံးအမှုထမ်းများ ရုံးကိစ္စဖြင့် ယာယီခရီးသွားလာမှု နည်းပါး ခြင်း၊ ဈေး၊ ရုံးနှင့် သားသတ်ရုံ အဆောက်အဦများနှင့် စက်သီးချိုင်း၊ မီးသပြိုလ်စက်များ ပြုပြင်မှုနည်းပါးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်ကောင်စီ | ၇၈.၆၈၇ | ၃၅,၆၅၁.၁၄၂ | -၃၅,၅၇၂.၄၅၅ | ၅၀.၆၇၈ | ၂၉,၄၂၀.၄၂၁ | -၂၉,၃၆၉.၇၄၃ | ၆၄.၄၀% | ၈၂.၅၂% |
| | စုစုပေါင်း | ၇၈.၆၈၇ | ၃၅,၆၅၁.၁၄၂ | -၃၅,၅၇၂.၄၅၅ | ၅၀.၆၇၈ | ၂၉,၄၂၀.၄၂၁ | -၂၉,၃၆၉.၇၄၃ | ၆၄.၄၀% | ၈၂.၅၂% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်ကောင်စီ | ၇၈.၆၈၇ | ၁၇၅.၃၇၅ | -၉၆.၆၈၈ | ၅၀.၆၇၈ | ၇၅၆.၆၄၂ | -၇၀၅.၉၆၄ | ၆၄.၄၀% | ၄၃၁.၄၄% |
| | စုစုပေါင်း | ၇၈.၆၈၇ | ၁၇၅.၃၇၅ | -၉၆.၆၈၈ | ၅၀.၆၇၈ | ၇၅၆.၆၄၂ | -၇၀၅.၉၆၄ | ၆၄.၄၀% | ၄၃၁.၄၄% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်ကောင်စီ | | ၃၅,၄၇၅.၇၆၇ | -၃၅,၄၇၅.၇၆၇ | | ၂၈,၆၆၃.၇၇၉ | -၂၈,၆၆၃.၇၇၉ | | ၈၀.၈၀% |
| | စုစုပေါင်း | | ၃၅,၄၇၅.၇၆၇ | -၃၅,၄၇၅.၇၆၇ | | ၂၈,၆၆၃.၇၇၉ | -၂၈,၆၆၃.၇၇၉ | | ၈၀.၈၀% |

# နေပြည်တော်ကောင်စီ၏
# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏ သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၇၈.၆၈၇ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၀.၆၇၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၄.၄၀ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၁၇၅.၃၇၅ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၇၅၆.၆၄၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၃၁.၄၄ ဖြစ်ပါသည်။ သာမန် ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** ပြေစာတွင် တောင်သူအမည်လွဲမှားခြင်းကြောင့် စည်းရုံးကောက်ခံနေရခြင်း၊ ကွင်းအမှတ်၊ ဦးပိုင်အမှတ် လွဲမှားခြင်းကြောင့် ရေခွန်ရငွေလျော့နည်းရခြင်းနှင့် အခြားသာမန်ရငွေတွင် လယ်ယာမြေ ဥပဒေအရ လယ်ယာမြေအား အခြားနည်းအသုံးပြုခြင်းအတွက် သတ်မှတ်ဒဏ်ကြေးများ လျာထားချက်ထက်လျော့နည်းရရှိခြင်းကြောင့် လျော့နည်းရခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ကောင်စီဝင်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကွင်းဆင်းဆောင်ရွက်ပြီး နေ့တွက်စရိတ်များ ထုတ်ပေးရခြင်း၊ ဧည့်ခံကျွေးမွေးစရိတ်ခေါင်းစဉ်တွင် အရေးပေါ် COVID-19 အစည်းအဝေးများ ပြုလုပ်ခြင်းနှင့် ထောက်ပံ့ငွေခေါင်းစဉ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေကို ခွင့်ပြုကြောင်း အကြောင်းကြားစာအား တတိယ(၃)လပတ်အတွင်းမှသာ ရရှိပြီး မြို့နယ် (၈) မြို့နယ်အထိ ထုတ်ပေးခဲ့ခြင်းကြောင့် ပိုမိုရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၃၅,၄၇၅.၇၆၇ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ်၂၈,၆၆၃.၇၇၉သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၀.၈၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်းသုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** သက်ဆိုင်ရာဌာနများသို့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အပ်နှံဆောင်ရွက်သည့် လုပ်ငန်းများနှင့် ဝန်ထမ်းအိမ်ရာ (၆၀)လုံး တည်ဆောက်ခြင်း လုပ်ငန်းများအား COVID-19 ဖြစ်ပွားမှုကြောင့် လုပ်သားများ လျော့ချရခြင်းနှင့် လုပ်ငန်းပြီးစီးမှုအလိုက် လုပ်ငန်းကုန်ကျငွေ ထုတ်ပေးရခြင်းကြောင့် လျော့နည်းရခြင်း။

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၆၆,၉၇၅.၃၄၂ | ၄၅,၅၂၁.၁၄၅ | +၁၂၁,၄၅၄.၁၉၇ | ၂၂၈,၁၂၉.၁၅၂ | ၁၉,၃၈၆.၅၃၅ | +၂၀၈,၇၄၂.၆၁၇ | ၁၃၆.၆၂% | ၄၂.၅၉% |
| | စုစုပေါင်း | ၁၆၆,၉၇၅.၃၄၂ | ၄၅,၅၂၁.၁၄၅ | +၁၂၁,၄၅၄.၁၉၇ | ၂၂၈,၁၂၉.၁၅၂ | ၁၉,၃၈၆.၅၃၅ | +၂၀၈,၇၄၂.၆၁၇ | ၁၃၆.၆၂% | ၄၂.၅၉% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၆၃,၅၅၅.၄၀၉ | ၄၀,၈၉၃.၁၀၀ | +၁၂၂,၆၆၂.၃၀၉ | ၂၂၇,၉၁၈.၀၁၂ | ၁၈,၆၂၅.၈၉၆ | +၂၀၉,၂၉၂.၁၁၆ | ၁၃၉.၃၅% | ၄၅.၅၅% |
| | စုစုပေါင်း | ၁၆၃,၅၅၅.၄၀၉ | ၄၀,၈၉၃.၁၀၀ | +၁၂၂,၆၆၂.၃၀၉ | ၂၂၇,၉၁၈.၀၁၂ | ၁၈,၆၂၅.၈၉၆ | +၂၀၉,၂၉၂.၁၁၆ | ၁၃၉.၃၅% | ၄၅.၅၅% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | | ၄,၆၂၈.၀၄၅ | -၄,၆၂၈.၀၄၅ | | ၇၆၀.၆၃၉ | -၇၆၀.၆၃၉ | | ၁၆.၄၄% |
| | စုစုပေါင်း | | ၄,၆၂၈.၀၄၅ | -၄,၆၂၈.၀၄၅ | | ၇၆၀.၆၃၉ | -၇၆၀.၆၃၉ | | ၁၆.၄၄% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃,၄၁၉.၉၃၃ | | +၃,၄၁၉.၉၃၃ | ၂၁၁.၁၄၀ | | +၂၁၁.၁၄၀ | ၆.၁၇% | |
| | စုစုပေါင်း | ၃,၄၁၉.၉၃၃ | | +၃,၄၁၉.၉၃၃ | ၂၁၁.၁၄၀ | | +၂၁၁.၁၄၀ | ၆.၁၇% | |

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏
# ၂၀၁၉ -၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်၊ တတိယ (၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၁၆၃,၅၅၅.၄၀၉ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၂၇,၉၁၈.၀၁၂ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၃၉.၃၅ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၄၀,၈၉၃.၁၀၀ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၈,၆၂၅.၈၉၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၄၅.၅၅ ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ချေးငွေစိုက်ထုတ်ပေးသည့်စနစ်ဖြင့် ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေအပေါ်မှအတိုးရငွေများ လျာထားချက်ထက် ပိုမိုရရှိခဲ့ခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၂၆) ရက်နေ့မှစ၍ အပ်ငွေလေလံခေါ်ယူခြင်းအား ယာယီရပ်ဆိုင်းခဲ့ခြင်းကြောင့် အတိုးပေးငွေမပေးရခြင်း၊ ကုန်ကြမ်းဝယ်ယူခြင်းတွင် ငွေစက္ကူရိုက်နှိပ်ခနှင့် ငွေဒင်္ဂါးများအတွက်ငွေတောင်းခံမှုမရှိသေးခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များအား စိစစ်သုံးစွဲခဲ့ခြင်းနှင့် စီမံနှင့်သုတေသနစရိတ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်သည့် Financial Sector Development Project (FSDP) အတွက် ရုံးအသုံးအဆောင်ပစ္စည်းဝယ်ယူမှုလျော့နည်းခြင်းနှင့် COVID-19 ကပ်ရောဂါကာလအတွင်း Training Workshop ကျင်းပနိုင်မှု မရှိသေးခြင်းတို့ကြောင့် သုံးစွဲမှုလျော့နည်းခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၄,၆၂၈.၀၄၅ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၇၆၀.၆၃၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၆.၄၄ ဖြစ်ပါသည်။ ငွေလုံးငွေရင်းသုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** တည်ဆောက်ရေးလုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံး

ပရိဘောဂများနှင့်အခြားရုံးသုံးပစ္စည်းများအတွက် ပစ္စည်းရောက်ရှိပြီးသော်လည်း အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီ၏ စစ်ဆေးပြီးချိန်မှသာ ငွေပေးချေရမည်ဖြစ်ခြင်းနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်သည့် FSDP Project ၏ အခြားအသုံးစရိတ်များအတွက် တင်ဒါလက်ခံရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြွေးမြီရငွေပိုင်းတွင် တတိယ (၃)လပတ်လျာထားချက် ကျပ် ၃,၄၁၉.၉၃၃ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၁၁.၁၄၀ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၆.၁၇ ဖြစ်ပါသည်။ ကြွေးမြီရငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း FSDP Project အတွက် ရုံးအသုံးအဆောင်ပစ္စည်းဝယ်ယူမှု လျော့နည်းခြင်း၊ COVID-19 ကပ်ရောဂါကာလအတွင်း Training နှင့် Workshop ကျင်းပနိုင်မှုမရှိခြင်းနှင့် အခြားအသုံးစရိတ်များအတွက် တင်ဒါလက်ခံရေးကော်မတီမှ လုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းရရှိခြင်း။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၂၀,၂၃၂.၉၁၉ | ၉,၅၅၂.၆၆၈ | +၁၀,၆၈၀.၂၉၁ | ၁၉,၀၁၀.၁၅၆ | ၁၁,၈၀၅.၄၆၁ | +၇,၂၀၄.၆၉၅ | ၉၃.၉၆% | ၁၂၃.၅၈% |
| | စုစုပေါင်း | ၂၀,၂၃၂.၉၁၉ | ၉,၅၅၂.၆၆၈ | +၁၀,၆၈၀.၂၉၁ | ၁၉,၀၁၀.၁၅၆ | ၁၁,၈၀၅.၄၆၁ | +၇,၂၀၄.၆၉၅ | ၉၃.၉၆% | ၁၂၃.၅၈% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေသုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၂၀,၂၁၅.၂၆၈ | ၇,၆၈၈.၈၃၉ | +၁၂,၅၂၆.၄၂၉ | ၁၈,၉၉၄.၆၃၆ | ၈,၇၃၀.၀၅၀ | +၁၀,၂၆၄.၅၈၆ | ၉၃.၉၆% | ၁၁၃.၅၄% |
| | စုစုပေါင်း | ၂၀,၂၁၅.၂၆၈ | ၇,၆၈၈.၈၃၉ | +၁၂,၅၂၆.၄၂၉ | ၁၈,၉၉၄.၆၃၆ | ၈,၇၃၀.၀၅၀ | +၁၀,၂၆၄.၅၈၆ | ၉၃.၉၆% | ၁၁၃.၅၄% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လအထိ)
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ တတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၁၇.၆၉၁ | ၁,၈၆၃.၈၂၉ | -၁,၈၄၆.၁၃၈ | ၁၅.၅၂၀ | ၃,၀၇၅.၄၁၁ | -၃,၀၅၉.၈၉၁ | ၈၇.၇၃% | ၁၆၅.၀၀% |
| | စုစုပေါင်း | ၁၇.၆၉၁ | ၁,၈၆၃.၈၂၉ | -၁,၈၄၆.၁၃၈ | ၁၅.၅၂၀ | ၃,၀၇၅.၄၁၁ | -၃,၀၅၉.၈၉၁ | ၈၇.၇၃% | ၁၆၅.၀၀% |

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏
# ၂၀၁၉-၂၀၂၀ ခုနှစ်၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊ သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၂၀,၂၁၅.၂၆၈ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၈,၉၉၄.၆၃၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၃.၉၆ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၇,၆၈၈.၈၃၉ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၈,၇၃၀.၀၅၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၃.၅၄ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** COVID ကာလဖြစ်၍ ဇမ္ဗူသီရိအထူးကုဆေးရုံမှ ရငွေနှင့် ညွှဲ့ရိပ်သာအခန်းငှားခရငွေများ လျော့နည်းရရှိခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပြင်ဆင်ထိန်းသိမ်းစရိတ်ခေါင်းစဉ်တွင် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား လုပ်ငန်းသဘာဝအရ တတိယ(၃)လပတ်မှသာ ဆောင်ရွက်ခဲ့ရခြင်း၊ လူမှုဖူလုံရေးဥပဒေအရပေးရငွေ ခေါင်းစဉ်တွင် လူမှုဖူလုံရေး အသင်းဝင်(၂)ဦးအတွက် ပေးဆောင်ရခြင်း၊ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ခေါင်းစဉ်တွင် အဆောက်အအုံနှင့် လမ်း/တံတားပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ ရေနှင့်သန့်ရှင်းမှု (အခြား) လုပ်ငန်းများမှ လုပ်ငန်းသဘာဝအရ တတိယ(၃)လပတ်မှသာ ပိုမိုဆောင်ရွက်ခဲ့ခြင်းကြောင့် ပိုမိုရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၁၇.၆၉၁ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၅.၅၂၀ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၈၇.၇၃ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၁,၈၆၃.၈၂၉ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃,၀၇၅.၄၁၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၆၅.၀၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်း ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူထားသော ရေမီတာရောင်းချရငွေများ လျော့နည်းရရှိခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** တည်ဆောက်ရေးလုပ်ငန်းများ၊ မြေတူးစက်ဝယ်ယူခြင်း၊ ဆေးရုံသုံး သံလိုက်ဓါတ်မှန်ရိုက်စက်နှင့် ဓါတ်ရောင်ခြည်ကင်ဆာစက်များ၏ စက်အစိတ်အပိုင်းများ အစားထိုးလဲလှယ်ခြင်းနှင့် အဆင့်မြှင့်တင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများ ဝယ်ယူခြင်း၊ ArcGIS Software အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဒုတိယ(၃)လပတ်အတွင်း ဆောင်ရွက်ရန်လျာထားခဲ့ပြီး တတိယ(၃)လပတ်အတွင်းမှသာ အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပိုမိုရခြင်း။

၁။ ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းအားလုံး၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ရငွေ၊ သုံးငွေများအပေါ် အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၇၄.၄၂ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၉၀.၈၉ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၇၂.၀၅ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှု ၇၄.၃၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ ရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင်သာမန်အသုံးစရိတ် ၉၀.၂၁ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၈၀.၄၄ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၉၈.၈၅ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၈၉.၁၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် အနည်းငယ်လျော့နည်းသုံးစွဲထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက် ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။

၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ရငွေပိုင်းတွင် လျာထားသည်ထက် လျော့နည်းရရှိရခြင်းမှာ COVID-19 ရောဂါဖြစ်ပွားနေသည့်ကာလဖြစ်၍ ပြည်ပအကူအညီရငွေ၊ ချေးယူရငွေများကို လျာထားချက်အတိုင်း မရရှိခြင်းကြောင့် ဖြစ်ပါသည်။

၃။ သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် အနည်းငယ်လျော့နည်းသုံးစွဲထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက်လျော့နည်းသုံးစွဲရခြင်းမှာ အချို့ဝန်ကြီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများဝယ်ယူရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းပြီးစီးမှုအလိုက်သာငွေပေးချေရခြင်း၊ COVID-19 ရောဂါဖြစ်ပွားနေသည့်ကာလဖြစ်၍ စီမံကိန်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာနေခြင်း၊ ပြည်ပအကူအညီရငွေ၊ ချေးယူရငွေဖြင့်သုံးစွဲသော အသုံးစရိတ်များသုံးစွဲနိုင်မှု မရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။

၄။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေအား အောက်ပါအတိုင်းနှိုင်းယှဉ်သုံးသပ် တင်ပြအပ်ပါသည်-

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်နှင့်
## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ယာယီအမှန်စာရင်းအရ
## အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေနှိုင်းယှဉ်ချက်ဇယား

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် အကောင်အထည်ဖော်နိုင်မှု | ၂၀၁၉-၂၀၂၀ တတိယ(၃)လပတ် အကောင်အထည်ဖော်နိုင်မှု | ပိုမိုရရှိ/သုံးစွဲ(+) လျော့နည်းရရှိ/သုံးစွဲ(-) |
|---|---|---|---|---|
| (က) | **ရငွေ** | **၅,၃၂၁,၆၁၉.၂၈၄** | **၄,၉၁၈,၉၄၃.၀၅၉** | **(-)၄၀၂,၆၇၆.၂၂၅** |
| | သာမန် | ၄,၉၀၄,၁၇၄.၆၆၂ | ၄,၅၄၅,၆၄၈.၈၇၁ | (-)၃၅၈,၅၂၅.၇၉၁ |
| | ငွေလုံးငွေရင်း | ၄၈,၃၄၈.၈၃၂ | ၃၇,၁၀၆.၅၃၁ | (-)၁၁,၂၄၂.၃၀၁ |
| | ကြွေးမြီ | ၃၆၉,၀၉၅.၇၉၀ | ၃၃၆,၁၈၇.၆၅၇ | (-)၃၂,၉၀၈.၁၃၃ |
| (ခ) | **သုံးငွေ** | **၆,၃၁၇,၃၂၆.၅၇၄** | **၇,၄၅၄,၂၃၄.၀၀၇** | **(+)၁,၁၃၆,၉၀၇.၄၃၃** |
| | သာမန် | ၅,၁၆၇,၈၁၇.၁၆၉ | ၅,၅၂၇,၁၀၂.၅၉၁ | (+)၃၅၉,၂၈၅.၄၂၂ |
| | ငွေလုံးငွေရင်း | ၉၉၀,၁၁၄.၈၂၃ | ၁,၂၃၈,၈၅၈.၀၃၉ | (+)၂၄၈,၇၄၃.၂၁၆ |
| | ကြွေးမြီ | ၁၅၉,၃၉၄.၅၈၂ | ၆၈၈,၂၇၃.၃၇၇ | (+)၅၂၈,၈၇၈.၇၉၅ |
| (ဂ) | **ပိုငွေ(+)/လိုငွေ(-)** | **(-)၉၉၅,၇၀၇.၂၉၀** | **(-)၂,၅၃၅,၂၉၀.၉၄၈** | **(-)၁,၅၃၉,၅၈၃.၆၅၈** |

၅။ အထက်ပါဇယားအရ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းရငွေနှင့်နှိုင်းယှဉ်ပါက ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းရငွေသည် ကျပ် ၄၀၂,၆၇၆.၂၂၅ သန်း လျော့နည်းရရှိကြောင်း တွေ့ရှိရပါသည်။

၆။ စုစုပေါင်းသုံးငွေတွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေနှင့်နှိုင်းယှဉ်ပါက ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေသည် ကျပ် ၁,၁၃၆,၉၀၇.၄၃၃ သန်း ပိုမိုသုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။